# ကြေးမုံ

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily
Established in 1957

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ သောကြာနေ့။ Friday, 30 January 2026 ၁၂၀၇၈


**ကောင်းမှုအနည်းငယ်ပြုဖန်များသော်**
**ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါဠိ(ဓမ္မပဒ-၁၂၂)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၉

လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် လွှတ်တော်အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် အဖွဲ့ဝင်များ လွှတ်တော်ဝင်း အတွင်းရှိပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာ


**အရေးပေါ်အခြေအနေ ဆက်လက်ကြေညာ**

------------------------

**စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်**

------------------------

**စစ်အုပ်ချုပ်ရေး**
**အမိန့်အမှတ်၊ ၁ / ၂၀၂၆ ထုတ်ပြန်**

စာမျက်နှာ » ၃

**လူငယ်ငြိမ်းချမ်းရေးဖိုရမ် - ၂၀၂၆ ထပ်ဆင့် ရှင်းလင်းပွဲ ကျင်းပ**

စာမျက်နှာ » ၇

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ်(၁) အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး**

စာမျက်နှာ » ၅

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်း ကြေညာ**

စာမျက်နှာ » ၁၀


## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၂၉

| | | |
|---|---|---|
| ဟားခါး | ၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၄ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၄ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၅ ဒသမ ၀ | ဒီဂရီ ဆဲလ်စီးယပ် |
| လွိုင်လင် | ၅ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၆ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုး | ၆ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| သီပေါ | ၆ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၇ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |

# တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီလက်တွဲဖော်ဆောင်

နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြည်သူလူထု၏ဆန္ဒနှင့်အညီ လျှောက်လှမ်းနိုင်ရေး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်ပြီဖြစ်သည်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့သောကြောင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နိုင်မည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်ရေး စသည့် ကဏ္ဍပေါင်းစုံ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်နေသည့်ကာလအတွင်း ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့သည်။ ပြည်တွင်း၌သာမက နိုင်ငံတကာနှင့်လည်း ထိတွေ့ဆက်ဆံပြီး အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် မြန်မာနိုင်ငံ၏ ကောင်းမွန်သည့်ရလဒ်များနှင့် တိုးတက်ဖြစ်ထွန်းမှုများကို နိုင်ငံတကာကသိရှိအောင် ထုတ်ဖော်ပြသနိုင်ခဲ့သည်။

ရေရှည်တည်တံ့ခိုင်မြဲသော နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေးသည် အရေးအကြီးဆုံးအချက်ဖြစ်သည်။ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလျော့ပါးချုပ်ငြိမ်းရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်ရေးအတွက် ယနေ့အချိန်အထိ အရေးပါဆဲဖြစ်၍ NCA သဘောတူညီချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများကို ခြိမ်းခြောက်နေသည့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု ဒုစရိုက်လုပ်ငန်းများ ထပ်မံမပေါ်ပေါက်စေရေးအတွက် အမြစ်ပြတ်သည်အထိ နှိမ်နင်းဆောင်ရွက်လျက်ရှိသည်။ နယ်စပ်ဖြတ်ကျော်ဒုစရိုက်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အဆက်မပြတ် ထိရောက်စွာဆောင်ရွက်လျက်ရှိသည်။ တရားမဝင်ကုန်သွယ်မှုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးမှုများသည် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည့်အတွက် ထိရောက်စွာတိုက်ဖျက်ခြင်းဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးတိုးတက်ခိုင်မာအောင် ဆောင်ရွက်ရမည်ဖြစ်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်ဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင် ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာအလယ်တန်းအဆင့်(KG+9)ကို မသင်မနေရအဆင့် သတ်မှတ်ပြီး ပညာရေးအဆင့်ကို မြှင့်တင်လျက်ရှိသည်။ မကြာမီကာလတွင် အခြေခံပညာကျောင်းများ၌ အတန်းတင်စာမေးပွဲများကို ကျင်းပတော့မည်ဖြစ်ရာ တန်းစဉ်အားလုံး အောင်မြင်စွာဖြေဆိုနိုင်ရေးအတွက် မိဘ၊ ဆရာ၊ ကျောင်းသားများအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူများ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရန်အတွက် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးပြီး ကျန်းမာရေးအသိအမြင်များ ကျယ်ပြန့်စွာ ဖြန့်ဝေပေးရမည်ဖြစ်သည်။

နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့သည့်ကာလအတွင်း စိန်ခေါ်မှုများစွာနှင့် ခက်ခဲကြမ်းတမ်းမှုများကို အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့သည်။ နိုင်ငံတော်အစိုးရ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် နိုင်ငံတော်အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများနှင့် ပြည်သူ့ကိုယ်စားလှယ်များကို အကောင်အထည်ဖော်ပေးနိုင်ခဲ့သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူများ၏ လူမှုစီးပွားဘဝများကို စဉ်ဆက်မပြတ် မြှင့်တင်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ခဲ့ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းသာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ ပတ်ဝန်းကျင်သာယာလှပရေးနှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီယဉ်ကျေးမှု ထူထောင်နိုင်ရေးတို့ကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းလက်တွဲပြီး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သူအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်

### သဘောထားထုတ်ပြန်ကြေညာချက် အမှတ်(၁/၂၀၂၆)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့မှ ဇန်နဝါရီလ (၂၉) ရက်နေ့အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court Of Justic – ICJ) သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ မတရားစွပ်စွဲချက်များအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နေခြင်းသည် မြန်မာနိုင်ငံ၏ တာဝန်ယူမှုနှင့် ဂုဏ်သိက္ခာရှိသော လုပ်ရပ်တို့ကို ဖော်ညွှန်းပြသလျက်ရှိပါသည်။ အမျိုးသားဒီမိုကရေစီပါတီသစ်အနေဖြင့် မြန်မာနိုင်ငံအပေါ် မတရားစွပ်စွဲလုပ်ဆောင်မှုများကို တရားဥပဒေ၏မျှတမှုအပေါ် ယုံကြည်မှုအခြေခံ၍ နိုင်ငံတော်ကိုယ်စား ICJ တွင် ထိရောက်စွာ ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းနေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား အပြည့်အဝကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
အမျိုးသားဒီမိုကရေစီပါတီသစ်

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်–

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊
(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း၊
(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း၊
(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

## ၂၉ - ၁ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၁၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉ – ၁ – ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၀ | ၀ |
| MTSH | ၃,၇၅၀ | ၃,၈၀၀ | ၂၆၉ | ၁,၀၀၉,၅၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၆၀ | ၄၈၀,၀၀၀ |
| FPB | ၂,၇၅၀ | ၂,၇၅၀ | ၁၀၀ | ၂၇၅,၀၀၀ |
| TMH | ၃,၂၅၀ | ၃,၂၅၀ | ၇ | ၂၂,၇၅၀ |
| EFR | ၁,၆၅၀ | ၁,၆၀၀ | ၂,၀၂၃ | ၃,၂၃၇,၉၅၀, |
| AMATA | ၄,၂၀၀ | ၄,၂၀၀ | ၁ | ၄,၂၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၂၅၉ | ၈၀၂,၉၀၀ |
| MADPL(PLB) | ၂,၅၅၀ | ၂,၅၀၀ | ၅၁၅ | ၁,၂၈၈,၀၀၀ |
| ASPGB(PLB) | ၃၁,၀၀၀ | ၃၀,၀၀၀ | ၂၈၈ | ၈,၈၂၈,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အောဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

## အရေးပေါ်အခြေအနေ ဆက်လက်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

အရေးပေါ်အခြေအနေဆက်လက်ကြေညာခြင်း

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၁ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၅) ကို ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်၍ ယင်းအမိန့်တွင် ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်များအား အရေးပေါ်အခြေအနေ ကြေညာခဲ့ပါသည်။

၂။ ဤအမိန့်သည် ယနေ့မှစ၍ နောက်ထပ်ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

စစ်အုပ်ချုပ်ရေးအမိန့်ဆက်လက်ထုတ်ပြန်ခြင်း

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၂ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဥပဒေကဲ့သို့အာဏာတည်သောအမိန့် (၁/၂၀၂၆) ဖြင့် အရေးပေါ်အခြေအနေ ဆက်လက်တည်ရှိကြောင်း ကြေညာထားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်၍ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆက်လက်အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## စစ်အုပ်ချုပ်ရေး အမိန့်အမှတ်၊ ၁ / ၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၁ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် )

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၁/၂၀၂၅ နှင့် စစ်အုပ်ချုပ်ရေး အမိန့်အမှတ်၊ ၂ / ၂၀၂၅ တို့သည် ဆက်လက်အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

## ဒို့ညီနောင်ထု တည်ထောင်ပြု ပြည်ထောင်စုအတွက် လက်ချင်းဆက်

**❂ ရှေ့ဖုံးမှ**

ကျင်းပပြုလုပ်သွားမည်ဖြစ်သည့်အတွက် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် တတိယအကြိမ်လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းများကို အတည်ပြုပြီးချိန်တွင် ဖိတ်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို အချိန်မီဆောင်ရွက်နိုင်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရန် ရိပ်သာများ ပြင်ဆင်ဆောင်ရွက်ထားရှိရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးများ အဆင်ပြေစွာအသုံးပြုနိုင်ရန် ဆောင်ရွက်ထားရှိရေး၊ လွှတ်တော်အစည်းအဝေးများ ကျင်းပစဉ်နှင့် ရပ်နားစဉ်ကာလတို့တွင် လွှတ်တော်ဝင်းအတွင်း/အပြင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်သည့်နေရာများတွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားရှိရေး၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် စားသောက်ရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ သွားလာရေးအဆင်ပြေစေရေးအတွက် သယ်ယူပို့ဆောင်ရေးကိစ္စရပ်များကိုလည်း စနစ်တကျဆောင်ရွက်ထားရှိရေး၊ လွှတ်တော်အသီးသီးရှိ တယ်လီဖုန်းဆက်သွယ်မှု စနစ်များ၊ e-Voting စနစ်နှင့် Delegate Unit များ၊ LED board များ ကောင်းမွန်စွာအသုံးပြုနိုင်ရေးတို့အတွက်လည်း စမ်းသပ်လေ့ကျင့်မှုများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။



လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**✧ လွှတ်တော်အစည်းအဝေးများ ကျင်းပစဉ်နှင့် ရပ်နားစဉ်ကာလတို့တွင် လွှတ်တော်ဝင်းအတွင်း/အပြင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်သည့်နေရာများတွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားရှိရေး၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် စားသောက်ရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ သွားလာရေးအဆင်ပြေစေရေးအတွက် သယ်ယူပို့ဆောင်ရေးကိစ္စရပ်များကိုလည်း စနစ်တကျဆောင်ရွက်ထားရှိရေး၊ လွှတ်တော်အသီးသီးရှိ တယ်လီဖုန်းဆက်သွယ်မှု စနစ်များ၊ e-Voting စနစ်နှင့် Delegate Unit များ၊ LED board များ ကောင်းမွန်စွာအသုံးပြုနိုင်ရေးတို့အတွက်လည်း စမ်းသပ်လေ့ကျင့်မှုများ ဆောင်ရွက်ကြရမည်**

အလားတူ ငလျင်ဒဏ်ကြောင့် လွှတ်တော်ပရဝဏ်အတွင်း ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ လမ်း၊ တံတားများ အဆင့်မြှင့်ပြန်လည်ပြင်ဆင်ထားရှိမှု စနစ်တကျရှိစေရေး၊ လွှတ်တော်အသီးသီး၏ လွှတ်တော်အစည်းအဝေးကျင်းပမှု သတင်းမှတ်တမ်းများ ရိုက်ကူးထုတ်လွှင့်ခြင်းနှင့် ရုပ်/သံစက်ပစ္စည်းများ ကောင်းမွန်စေရေး၊ ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများ၏ သတင်းရယူရေး ကိစ္စရပ်တို့တွင်လည်း စနစ်တကျနှင့် အဆင်ပြေချောမွေ့စေရေးတို့ကို ကော်မတီအလိုက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် ယခုအစည်းအဝေးတွင် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က တတိယအကြိမ် လွှတ်တော်အသီးသီး၏ လွှတ်တော်အစည်းအဝေးများ စနစ်တကျဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများအလိုက် တာဝန်ရှိသူများက လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လက်ရှိဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့်လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွှတ်တော်ဝင်းအတွင်းရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များသို့ သွားရောက်၍ လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ ဆက်လက်ပြုလုပ် မြန်မာ၏ ဒုတိယအကျော့ လျှောက်လဲမှုများ စတင်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ(Oral Hearing)ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ ပြုလုပ်လျက်ရှိရာ မြန်မာ၏ ဒုတိယအကျော့ လျှောက်လဲမှုကို ဇန်နဝါရီ ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် စတင်သည်။



မြန်မာနိုင်ငံ၏ ရှေ့နေများက ဂမ်ဘီယာ၏ အထောက်အထားများ ခိုင်လုံမှုမရှိကြောင်းနှင့် တရားသူကြီးများ၏ မေးခွန်းများကို လျှောက်လဲဖြေကြားကြသည်။

ဦးစွာ မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Christopher Staker က မြန်မာနိုင်ငံ၏ ဒုတိယအကျော့ လျှောက်လဲချက်၏ အဖွင့်နိဒါန်းပြောကြားရာတွင် မြန်မာနိုင်ငံ၏ ပထမအကျော့ လျှောက်လဲချက်တွင် ဖော်ပြခဲ့သည့် ရပ်တည်ချက်အတိုင်း ဆက်လက်ရပ်တည်ပါကြောင်း၊ ဂမ်ဘီယာသည် အထောက်အထားအသစ်မတင်ပြနိုင်ဘဲ အချက်အလက် စုံစမ်းရှာဖွေရေးအဖွဲ့(FFM)နှင့် ကျွမ်းကျင်သက်သေ Newton ၏ အချက်အလက်များကိုသာ ဆက်လက်ကိုးကားနိုင်သည်ကို တွေ့ရကြောင်း၊ အချိန်ကိုင့်ညှာသောအားဖြင့် ဂမ်ဘီယာ၏ စွပ်စွဲချက်အားလုံးကို ဖြေဆိုမည်မဟုတ်သော်လည်း မြန်မာ၏ စာဖြင့် ရေးသားလျှောက်လဲချက်များတွင် ပြည့်စုံစွာဖြေကြားပြီးဖြစ်ကြောင်း၊သက်သေအထောက်အထားများ မှန်ကန်မှု ရှိ၊ မရှိကို FFM က ဆုံးဖြတ်ရမည်မဟုတ်ဘဲ တရားသူကြီးများက ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ FFM ကလည်း ဖြစ်နိုင်ခြေရှိသည်ဟုသာ သုံးသပ်ထားကြောင်း၊ Newton ကလည်း ၎င်း၏ ကျွမ်းကျင်မှုဖြင့် လျှောက်တင်ထားသည့် သုံးသပ်ချက်မှာလည်း FFM အစီရင်ခံစာအပေါ်တွင်သာ သုံးသပ်ထားခြင်းဖြစ်ကြောင်း။

၂၆-၁-၂၀၂၆ ရက်တွင် ဂမ်ဘီယာရှေ့နေများက မြန်မာရှေ့နေများသည် မြန်မာနိုင်ငံအတွက် မဟုတ်မမှန် ကာကွယ်ပြောဆိုသည်ဟု စွပ်စွဲကြောင်း၊ မိမိတို့ရှေ့နေများအနေဖြင့် ရှေ့နေများ၏ ကျင့်ဝတ်များကို စောင့်ထိန်းသကဲ့သို့ မြန်မာနိုင်ငံသည်လည်း အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂ၊ လူမျိုးသုဉ်းစေမှုစာချုပ်တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း၊ စာချုပ်ပါ အချက်အလက်များကို အပြည့်အဝလိုက်နာသည့် တာဝန်သိနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဂမ်ဘီယာ၏ ပြောကြားမှုကို ကန့်ကွက်ပါကြောင်း လျှောက်လဲသည်။

ဆက်လက်၍ Mr. Christopher Staker က အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေးတွင် လူမျိုးသုဉ်းကျူးလွန်မှုဖြစ်နိုင်သည်မှာ မှန်သော်လည်း လက်တွေ့တွင် ဖြစ်ပွားခဲ့ခြင်းမရှိကြောင်းကို အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင်(ICOE) တွင်လည်း ဖော်ပြထားပြီးဖြစ်ကြောင်း၊ ဂမ်ဘီယာက ဖြစ်စဉ်အသေးစိတ်ကို လေ့လာခြင်းမရှိဘဲ ရွာသုံးရွာကိုသာရည်ညွှန်းပြီး လူမျိုးသုဉ်းစေမှုသည် ကိန်းဂဏန်းနှင့်မဆိုင်ဘဲ ရည်ရွယ်ချက်သာ အဓိကကျသည်ဟုပြောနေကြောင်း၊ မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စွန့်ခွာသွားသူများကို တိုက်ခိုက်မှုမပြုလုပ်သကဲ့သို့ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာရသူများ နေထိုင်သည့်စခန်း(IDP)တွင် နေထိုင်သူများကို ကာကွယ်စောင့်ရှောက်ထားပါကြောင်း၊ ဂမ်ဘီယာက အုပ်စုတစ်စု၏ အစုအဖွဲ့ကို သတ်ဖြတ်သည်ဟု စွပ်စွဲကြောင်း၊ သို့သော် ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီအများအပြား နေထိုင်လျက်ရှိကြောင်း လျှောက်လဲသည်။

ထို့နောက် မြန်မာနိုင်ငံ၏ရှေ့နေ Mr. David Hooper က တရားရုံးတွင် ထွက်ဆိုခဲ့သည့် သက်သေများနှင့်ပတ်သက်၍ ဂမ်ဘီယာ၏ ပထမသက်သေ MN (အမည်လွှဲ)၏ ဖြေကြားချက်များသည် လိမ်ညာမှုများဖြစ်နေကြောင်း၊ ဂမ်ဘီယာ၏ အခြားသက်သေထွက်ဆိုချက်များတွင် ပါဝင်သည့် ARSA ၏ ရွာတွင်း လှုပ်ရှားမှုများကို သိရှိခြင်း မရှိဟုဆိုကြောင်း၊ ရွာအတွင်း ARSA များ လှုပ်ရှားနေမှုကြောင့်သာ တပ်မတော်က ဝင်ရောက်တိုက်ခိုက်ခဲ့သည်ကို မည်သည့်အတွက်ကြောင့် တိုက်ခိုက်သည်ကို မသိရှိဟုဆိုကြောင်း၊ သို့သော် ၎င်း၏ဇနီးနှင့် ကလေးများအပါအဝင် အမျိုးသမီးနှင့် ကလေး ၁၀၀ ခန့်ကို မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်တစ်လုံး၌ ထိန်းသိမ်းခဲ့သော်လည်း နောက်ပိုင်းတွင် ဘေးမသီရန်မခဘဲ လွတ်မြောက်ခဲ့ကြောင်း၊ ၎င်းတို့မိသားစုအနေဖြင့် ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းကို ထွက်ခွာခဲ့စဉ်ကလည်း လမ်းတွင် အနှောင့်အယှက်မရှိခဲ့ဟု ထွက်ဆိုခဲ့သည်ကို သိရှိစေလိုပါကြောင်း၊ ၎င်း၏ ညီအစ်ကို ဝမ်းကွဲတော်စပ်သူသည် ယခုအချိန်အထိ ရခိုင်ပြည်နယ်တွင်ရှိပြီး အစိုးရဝန်ထမ်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း။

ဒုတိယသက်သေ NJ (အမည်လွှဲ)ကလည်း အိမ်တွင်း၌သာ နေထိုင်သူဖြစ်ပြီး ARSA ကို မသိရှိကြောင်း လျှောက်လဲထွက်ဆိုခဲ့ပါကြောင်း၊ သို့သော် Legal Action Worldwide (LAW)တွင် ထွက်ဆိုခဲ့သည့် ထွက်ချက်နှင့် ယခုတရားရုံးသို့ တင်ပြသည့် ထွက်ချက်များ ကွဲပြားနေသည်ကို တွေ့ရကြောင်း၊ အကယ်၍ တရားရုံးတွင် ထွက်ဆိုမှုများမှာ မှန်ကန်သည်ဟု ယူဆသည့်တိုင် LAW တွင် ဖော်ပြသည့် ထွက်ဆိုချက်များမှာ မှားယွင်းသည်ဟု ကောက်ချက်ချရမည်ဖြစ်ကြောင်း။

တတိယသက်သေ MS (အမည်လွှဲ)ကလည်း ARSA အကြောင်းသိရှိသော်လည်း ဖုံးကွယ်ထွက်ဆိုခဲ့ပါကြောင်း၊ ၎င်း၏ ထွက်ဆိုချက်များမှာ ယုံကြည်နိုင်စရာမရှိပါကြောင်း၊ ၎င်းသည် ရွာနှင့်တစ်မိုင်ခန့်ဝေးသည့်ချောင်းကို ဖြတ်ကျော်ထွက်ပြေးခဲ့ပြီးနောက် ရွာတွင်း၌ ဖြစ်စဉ်များကို မြင်တွေ့ရကြောင်း ထွက်ဆိုမှုမှာ လုပ်ကြံထွက်ဆိုမှုများဖြစ်ကြောင်း၊ ၎င်း၏ ယခင် LAW ၌ ထွက်ဆိုခဲ့သော ထွက်ချက်တွင် ချောင်းဖြတ်ပြီးနောက် ကြောက်ရွံ့တုန်လှုပ်မှုကြောင့် ဖြစ်စဉ်များကို မသိကြောင်းဆိုသော်လည်း ယခုထွက်ဆိုချက်တွင် ဖြစ်စဉ်များကို ပြောပြနိုင်သဖြင့် ၎င်း၏မှတ်မိနိုင်စွမ်းမှာ မေးခွန်းထုတ်ဖွယ်ဖြစ်ကြောင်း၊ ထို့ပြင် သက်သေသုံးဦးလုံးက ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများတွင် မြန်မာနိုင်ငံကို သတင်းပေးနေသူများရှိသဖြင့် ၎င်းတို့၏ အမည်များကို လျှို့ဝှက်ထားပေးရန် တောင်းဆိုမှုများမှာ တူညီနေကြောင်း၊ အမှန်စင်စစ်တွင် ၎င်းတို့အနေဖြင့် ARSA ၏ လွှမ်းမိုးမှုကြောင့် ARSA အကြောင်း ထုတ်ဖော်ပြောဆိုရဲခြင်းမရှိကြောင်း လျှောက်လဲသည်။

ဆက်လက်ပြီး Mr. David Hooper က မြန်မာဘက်မှ တင်သွင်းသည့် သက်သေ M1 (အမည်လွှဲ)၏ ထွက်ဆိုချက်နှင့်ပတ်သက်၍ M1 ၏ ထွက်ချက်တွင် ARSA ၏ ရက်စက်ကြမ်းကြုတ်မှု၊ လိမ်ညာထွက်ဆိုရန် ခြောက်လှန့်ပြီး မြန်မာနိုင်ငံကို အပြစ်ပုံချခိုင်းမှု၊ ရခိုင်ရွာများနှင့် ရဲစခန်းများကို တိုက်ခိုက်ရန် အကြံအစည်ရှိမှုတို့ ပေါ်လွင်ကြောင်း၊ ၎င်းတို့ကို ဖမ်းဆီးခေါ်ဆောင်သူများ၊ အမျိုးသားများကို သတ်ဖြတ်သူများမှာ တစ်ရွာတည်း အတူနေ ဘင်္ဂါလီရွာသားဖြစ်ကြောင်း အချက်အလက်များကို လေ့လာကြည့်ပါက ရွာများတွင် ARSA သြဇာခံအများအပြားရှိသည်ကိုတွေ့ရှိရကြောင်း၊ ခမောင်းဆိပ် ဖြစ်စဉ်၌ ဟိန္ဒူနှင့် တိုင်းရင်းသား ၁၀၅ ဦး သတ်ဖြတ်ခံရမှုကို သက်သေအထောက်အထား အချက်အလက်ခိုင်မာစွာဖြင့် ထွက်ဆိုခဲ့ပါကြောင်း။

ဂမ်ဘီယာက တင်သွင်းသည့် သက်သေသုံးဦးသည် ယခင်စာဖြင့် တင်သွင်းခဲ့စဉ်က ထွက်ဆိုချက်များ FFM ၊ IIMM ၌ ဖော်ပြချက်များနှင့် ကိုက်ညီမှုမရှိကြောင်း၊ မြန်မာရှေ့နေများက ထောက်ပြပြောဆိုနိုင်ခြင်း၊ အထူးသဖြင့် ARSA အကြမ်းဖက်၏ တိုက်ခိုက်မှုများနှင့် ARSA ၏ အရေးပါသည့် အခန်းကဏ္ဍများကို ဖုံးကွယ်ထွက်ဆိုမှုများ၊ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံက တရားဥပဒေနှင့်အညီ အကြမ်းဖက်နှိမ်နင်းရေး ဆောင်ရွက်မှုကို လူမျိုးသုဉ်းသတ်ဖြတ်မှုအဖြစ် ပုံဖော်ထွက်ဆိုမှုများအပေါ် ထောက်ပြပြောဆိုခဲ့ကြောင်း၊ ဂမ်ဘီယာ၏ ကျွမ်းကျင်သက်သေ Newton ၏ ထွက်ဆိုချက်နှင့်ပတ်သက်၍ ၎င်းအား တရားရုံးသို့ တင်သွင်းသည့် သုံးသပ်ချက်များသည် လုပ်ငန်းလမ်းညွှန်ချက်မရှိသည်ကို တွေ့ရကြောင်း။

၎င်းက လက်နက်ကိုင်သောင်းကျန်းမှုတုံ့ပြန်သည့် စစ်ဆင်ရေး (COIN)ဆိုင်ရာ ပညာရှင်ဟုဆိုသော်လည်း ၎င်း၏ တတ်ကျွမ်းမှုဘောင်ကိုကျော်၍ လူမျိုးသုဉ်းစေမှုဆိုင်ရာ ပညာရှင်ကဲ့သို့ ထွက်ဆိုထားကြောင်း၊ ၎င်း၏ ပထမအစီရင်ခံစာတွင် ARSA အကြောင်းကို ဖော်ပြခြင်းမရှိကြောင်း၊ ဒုတိယအစီရင်ခံစာတွင်မှသာ ARSA သည် အင်အားရှိသည့် တိုက်ခိုက်ရေးအဖွဲ့ဖြစ်သည်ဟုဆိုကြောင်း၊ ၎င်းအနေဖြင့် ယခုအမှုတွင် ဂမ်ဘီယာအတွက် ပံ့ပိုးနေသည့် အဖွဲ့အစည်းများနှင့်လည်း ပတ်သက်ဆက်နွယ်မှုရှိနေကြောင်းကို ဝန်ခံထားကြောင်း လျှောက်လဲသည်။

ထို့နောက် မြန်မာနိုင်ငံ၏ ရှေ့နေ Ms. Leigh Lawrie က ARSA အကြောင်းနှင့် ARSA အကြမ်းဖက်မှုကြောင့် အပြစ်မဲ့ပြည်သူများကို ကယ်တင်ခဲ့ရသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ တရားသူကြီး Brent က မေးမြန်းသည့် ARSA ၏ ဖွဲ့စည်းပုံ၊ အင်အား၊ တိုက်ခိုက်မှုစွမ်းရည်တို့ကို ဖြေကြားရမည်ဆိုလျှင် ARSA သည် အရှေ့အလယ်ပိုင်းနိုင်ငံများရှိ ပုဂ္ဂိုလ်များထံမှ အထောက်အပံ့ရရှိကြောင်း၊ အင်အားတိုးချဲ့၍ အကြမ်းဖက်တိုက်ခိုက်ရေး သင်တန်းများပေးကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ရဲကင်းစခန်းသုံးခုကို တိုက်ခိုက်နိုင်ရာမှ ၂၀၁၇ ခုနှစ်တွင် ရဲကင်းစခန်း ၃၀ ကို တစ်ပြိုင်တည်း တိုက်ခိုက်နိုင်သည်အထိ အင်အားစုဖွဲ့လာနိုင်ကြောင်း၊ လက်လုပ်ဗုံး(IED)များ ထုတ်လုပ်နိုင်ပြီး ကင်းထောက်နိုင်သည့် စွမ်းရည်လည်းရှိကြောင်း။

၎င်းတို့သည် ထောက်ခံသူများကို အားပြု၍ တိုက်ခိုက်မှုများ ပြုလုပ်ကြောင်း၊ ARSA အင်အား ၁၇၀၀၀ ကျော်ရှိကြောင်း၊ တရားသူကြီး၏ ဒုတိယမေးခွန်းဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် စစ်ဆင်ရေး ပြုလုပ်ရာတွင် ARSA ၏ ထောက်ခံသူများမှာ ရာနှင့်ချီရှိပြီး အကြမ်းဖက်တိုက်ခိုက်ရာတွင် တုတ်၊ ဓားများ ကိုင်ဆောင်ကာ လူအရေအတွက် အသာစီးယူ၍ တိုက်ခိုက်ကြောင်း၊ သို့ဖြစ်ရာ ထောက်ခံသူများဟုဆိုသည်မှာ လိုက်လံတိုက်ခိုက်ပေးသူများဖြစ်ကြောင်း၊ တရားသူကြီး၏ တတိယမေးခွန်းဖြစ်သည့် တိုက်ပွဲအတွင်း တိုက်ခိုက်ရေးသမားများနှင့် အရပ်သားကို ခွဲခြားပုံနှင့်ပတ်သက်၍ တပ်မတော်က တိုက်ပွဲများမစတင်မီကပင် တပ်သားများအား တိုက်ပွဲအတွင်း လိုက်နာကျင့်သုံးရမည့် စည်းမျဉ်း(RoE)ကို ညွှန်ကြားခဲ့ပါကြောင်း၊ ထို့အပြင် စည်းမျဉ်းများ ဖော်ပြထားသည့် အိတ်ဆောင်ကတ်ပြားများကို တပ်သားတိုင်းအား ပေးအပ်ခဲ့ကြောင်း။

ပစ်ခတ်ရာတွင် မိမိအသက်အန္တရာယ်ကျရောက်နိုင်သည့် တိုက်ခိုက်မှုအခြေအနေ ကျရောက်ချိန်နှင့် လက်နက်ကိုင်ဆောင်ထားသူများကိုသာ ပစ်ခတ်ရန် ညွှန်ကြားထားကြောင်း၊ တရားသူကြီး၏ စတုတ္ထမေးခွန်းဖြစ်သည့် တိုက်ပွဲများအတွင်း ARSA မည်မျှသေဆုံးသည်၊ အရပ်သား မည်မျှသေဆုံးခဲ့သည်နှင့် ပတ်သက်၍ ၂၀၁၆ ခုနှစ် ဖြစ်စဉ်တွင် ARSA ၆၉ ဦးသေဆုံးပြီး ၂၀၁၇ ဖြစ်စဉ်တွင် ARSA ၃၇၆ ဦး သေဆုံးခဲ့ပါကြောင်း၊ သို့သော် ICOE အစီရင်ခံစာအရ အရပ်သားများလည်း သေဆုံးကြောင်း ဖော်ပြထားပြီး ယင်းအတွက် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်ရန် တိုက်တွန်းထားကြောင်း၊ တရားသူကြီး Pillay ၏ မေးခွန်းဖြစ်သည့် တပ်မတော်အနေဖြင့် အရပ်သားများကို ကယ်တင်မှုနှင့်ပတ်သက်၍ ARSA က လိုက်လံသတ်ဖြတ်သည့် ရခိုင်၊ မြို၊ ဒိုင်းနက်၊ ဟိန္ဒူများကို ကယ်တင်ပေးခဲ့ကြောင်း၊ ARSA က သတင်းပေးဟု စွပ်စွဲသည့် ဘင်္ဂါလီများကိုလည်း ကယ်တင်ကြောင်း၊ ရခိုင်နှင့် ဘင်္ဂါလီများ ပဋိပက္ခမဖြစ်စေရန် ကာကွယ်ပေးကြောင်း လျှောက်လဲသည်။

ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀:၀၀ နာရီတွင် မြန်မာနိုင်ငံ၏ ဒုတိယအကျော့ လျှောက်လဲချက်များ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ဒုတိယသက်သေ NJ (အမည်လွှဲ)ကလည်း အိမ်တွင်း၌သာ နေထိုင်သူဖြစ်ပြီး ARSA ကို မသိရှိကြောင်း လျှောက်လဲထွက်ဆိုခဲ့ပါကြောင်း၊ သို့သော် Legal Action Worldwide (LAW)တွင် ထွက်ဆိုခဲ့သည့် ထွက်ချက်နှင့် ယခုတရားရုံးသို့ တင်ပြသည့်ထွက်ချက်များ ကွဲပြားနေသည်ကို တွေ့ရကြောင်း၊ အကယ်၍ တရားရုံးတွင် ထွက်ဆိုမှုများမှာ မှန်ကန်သည်ဟု ယူဆသည့်တိုင် LAW တွင် ဖော်ပြသည့် ထွက်ဆိုချက်များမှာ မှားယွင်းသည်ဟု ကောက်ချက်ချရမည်**

**Mr. David Hooper**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညနေပိုင်းတွင် ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပမည့် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC–1) သို့ သွားရောက်ကြည့်ရှု၍ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)တွင် ဆောင်ရွက်လျက်ရှိသော ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား မုခ်ဦးတည်ဆောက်မှု၊ ဂုဏ်ပြုခံလျှောက်လမ်း (Red Carpet) တည်ဆောက်မှု၊ မီဒီယာများနှင့် ရုပ်မြင်သံကြားအတွက် နေရာချထားမှု၊ အခမ်းအနားအစီအစဉ်နှင့် စင်မြင့်တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ LED နှင့် အလင်းပေးစနစ်၊ အသံစနစ်များ စီစဉ်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အခမ်းအနားသို့ အနုပညာရှင်များ အဆင်ပြေစွာ တက်ရောက်နိုင်ရေးနှင့် အခမ်းအနားအစီအစဉ်များကို စနစ်တကျစီစဉ်ကျင်းပနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump အား လက်ခံတွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump အား ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ် (၁) အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ် (၁) အကောင်အထည်ဖော်မှုကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာနရှိ အစည်းအဝေး ခန်းမ(၁)၌ ကျင်းပသည်။



အစည်းအဝေးသို့ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ်(၁)အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်က မိမိကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသော မဟာဗျူဟာ နယ်ပယ်(၁) အကောင်အထည်ဖော်မှု ကြီးကြပ်ရေး ကော်မတီသည် **“ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ မူဝါဒများ၊ ညွှန်ကြားချက်များနှင့် ဥပဒေမူဘောင်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပိုမိုတိုးတက်ခိုင်မာစေရေး”** ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄–၂၀၂၈) အရ ဆောင်ရွက်ရမည့် မဟာဗျူဟာရည်မှန်းချက် ခုနစ်ချက်နှင့် မဟာဗျူဟာအစီအစဉ် ၂၉ ချက်ရှိပါပြီး ၂၀၂၄ ခုနှစ်အပြီး အကောင်အထည် ဖော်ရမည့် မဟာဗျူဟာအစီအစဉ် နှစ်ချက်၊ ၂၀၂၅ ခုနှစ်အပြီး အကောင်အထည်ဖော်ရမည့် မဟာဗျူဟာအစီအစဉ် ၁၀ ချက်၊ ၂၀၂၆ ခုနှစ် အပြီး အကောင်အထည် ဖော်ရမည့် မဟာဗျူဟာအစီအစဉ် နှစ်ချက်၊ ၂၀၂၇ ခုနှစ်တွင် အကောင်အထည်ဖော်ရမည့် မဟာဗျူဟာအစီအစဉ် ခြောက်ချက်၊ ၂၀၂၈ ခုနှစ်အတွင်း အကောင်အထည် ဖော်ရမည့် မဟာဗျူဟာအစီအစဉ် ငါးချက်နှင့် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် အချက်လေးချက် ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တိုးတက်ဆောင်ရွက်မှုများကို စောင့်ကြည့်မည့်နိုင်ငံနှင့် ဒေသများစာရင်းမှ ပယ်ဖျက်နိုင်ရေးကို ၂၀၁၈ ခုနှစ်မှစတင်၍ APJG သို့ တိုးတက်မှု အစီရင်ခံစာများ ပေးပို့လျက်ရှိရာ ၂၀၂၅ ခုနှစ်အထိ FATF အကြံပြုချက် ၄၀ အနက် စံနှုန်းသတ်မှတ်ချက် ၂၆ ချက်မှာ မြင့်မားသည့်အဆင့် သတ်မှတ်ချက်ရထားပြီးဖြစ်သည့်အတွက် မိမိတို့ကော်မတီများ၏ လုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ ကျေနပ်အားရမိပါကြောင်း၊ တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များအနေဖြင့် အမျိုးသားအဆင့်မဟာဗျူဟာ သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ နယ်ပယ် (၁) အကောင်အထည် ဖော်မှု ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်စေးဝါးဖော က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ နယ်ပယ် (၁) နှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၆ ခုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ နယ်ပယ် (၁) နှင့် စပ်လျဉ်း၍ ဌာနအဖွဲ့အစည်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်ရမည့် အချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

**✻ ကျောဖုံးမှ**

သွေးလင်းထက်သည် ONE နှင့် ခုနစ်ပွဲထိုးသတ်ထားရာ ငါးပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး လေးပွဲဆက်တိုက်အနိုင်ရပြီးမှ နောက်ဆုံးထိုးသတ်သည့်ပွဲတွင် ဝါရင့်ထိုင်းဖိုက်တာ ဆမ်အေကို အမှတ်ဖြင့် ရှုံးနိမ့်ထားသည်။ ကောင်ချိုင်းမှာမူ ONE နှင့် ၁၅ ပွဲထိုးသတ်ထားရာ ကိုးပွဲနိုင်၊ ခြောက်ပွဲရှုံးနိမ့်ထားသည်။ ဆွန်ရက်သည် ONE နှင့် ၁၄ ပွဲထိုးသတ်ထားရာ ရှစ်ပွဲနိုင်၊ ခြောက်ပွဲရှုံး၊ ဘူခေါင်အိုက ONE နှင့် ရှစ်ပွဲထိုးသတ်ထားရာ ခြောက်ပွဲနိုင် နှစ်ပွဲရှုံးနိမ့်ထားသည်။

**သတင်း–ရှိုင်းထက်ဇော်၊ ဓာတ်ပုံ–onefc**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏(၂၁)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၉**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏(၂၁)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုး ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ ရုံးအမှတ်(၃)၌ ကျင်းပသည်။

ဦးစွာပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက မြန်မာနိုင်ငံတွင် ဆယ့်နှစ်လရာသီပွဲတော်များ ရှိသည့်အနက် ထမနဲဟုဆိုသည်နှင့်တစ်ပြိုင်နက် တပို့တွဲလ ထမနဲပွဲဟူသော စကားရပ်ကို မြန်မာပြည်သူပြည်သားများအားလုံး ယှဉ်တွဲသိရှိပြီးဖြစ်ပါကြောင်း၊ တစ်နည်းဆိုသော် ထမနဲပွဲသည် တပို့တွဲလ၏ ပုံရိပ်သင်္ကေတလည်း ဖြစ်ပါကြောင်း၊ ချစ်စရာနှင့်ပျော်စရာလည်းကောင်းလှသော မြန်မာ့ရိုးရာဓလေ့ကို ထိန်းသိမ်းပြီး မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို နှစ်စဉ်ကျင်းပခဲ့ကာ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဓာတ်ကြီးလေးပါးညီညွတ်မျှတစေရန်အတွက် ဆွေမျိုးမိတ်သင်္ဂဟများအား ဆေးဝါးဓာတ်စာအဖြစ် ထမနဲကို ပေးဝေလှူဒါန်းခြင်းဖြင့် ကောင်းမှုကုသိုလ်ရယူရာလည်းရောက်ပါကြောင်း၊ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသည် ဌာနများအလိုက် စုပေါင်းညီညာအောင်ကြောင်းဖြာ သရုပ်ကို ဖော်ဆောင်သော ပြိုင်ပွဲတစ်ခုလည်း ဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ဂုဏ်ယူစွာပါဝင်ဆင်နွှဲကြစေလိုပါကြောင်း၊ ပြိုင်ပွဲဖြစ်သည့်အတွက် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို လိုက်နာယှဉ်ပြိုင်သွားစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထမနဲထိုးပြိုင်ပွဲတွင် ဝန်ကြီးဌာနမှ ပြိုင်ပွဲဝင် အသင်းများ၏ သတ်မှတ်ပြိုင်ပွဲစည်းမျဉ်းများနှင့်အညီ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး ဆုရွေးချယ်ရေး ဆပ်ကော်မတီအဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးခြင်းများ ဆောင်ရွက်ကြကာ ဆုရရှိသည့်အသင်းများအား ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆုများချီးမြှင့်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ (၁၇)ကြိမ်မြောက် စုပေါင်းထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

မြန်မာတို့၏ (၁၂)လရာသီပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက် စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကိုဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြသည်။

ထိုသို့ ကျင်းပလျက်ရှိရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ (၁၇)ကြိမ်မြောက် စုပေါင်းထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ဖေယျာသီရိကွင်းပြင်၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့်အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၂၄ သင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






## ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စုပေါင်းထမနဲထိုးပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)၌ စည်ကား သိုက်မြိုက်စွာကျင်းပသည်။

ဦးစွာ ဦးစီးဌာနအလိုက် ဝန်ထမ်းများက သီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြသည်။ ထို့နောက် ထမနဲထိုးပြိုင်ပွဲကိုစတင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးရုံး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနရှစ်ခုနှင့် Naypyitaw State Academy တို့မှ စုစုပေါင်းအသင်း ၁၀ သင်းတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း တပျော်တပါး ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများက ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဦးစီးဌာနများမှ ညွှန်ကြားရေး မှူးချုပ်များနှင့် တာဝန်ရှိသူများက ထမနဲထိုးပြိုင်ပွဲနှင့်သီချင်းဆိုပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိခဲ့ကြသည့်အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင် ဦးဆောင်၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်လျှပ်စစ်ရုံးတာဝန်ရှိသူများက ဇန်နဝါရီ ၂၈ ရက်တွင် မြို့နယ်ဌာနဆိုင်ရာရုံးများ၌ မီးဘေးလုံခြုံရေးနှင့်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ ဧရာဦးသာ

## ထန်းတပင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများ အသိပညာပေးဟောပြော

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သစ်တောဦးစီးဌာနက ကျေးရွာနေပြည်သူများအား မီးခိုးမြူငွေ့ ညစ်ညမ်းမှု ဆက်စပ်ပုံနှင့် လေထုညစ်ညမ်းမှုကြောင့် လူသားတို့၏ လူမှုစီးပွားဘဝများ ထိခိုက်နိုင်မှုများကို သိရှိနားလည်စေရန်ရည်ရွယ်၍ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ၂၇ ရက်က အတွင်းရေကျော်ကျေးရွာတွင် ပြုလုပ်သည်။



အဆိုပါဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးဌာနမှူး ဦးနိုင်လင်းထွန်းက သစ်တောသစ်ပင်များအကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ အကြောင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ သစ်တောများထိန်းသိမ်းရေး အကြောင်းနှင့် သစ်တောမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများအကြောင်းတို့ကို တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများအား အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများက မိမိတို့ သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာမြို့နယ်ဦးစီးဌာနမှူးက ပြန်လည်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ရန်ကုန်နည်းပညာတက္ကသိုလ်တွင် Establishment of Artificial Intelligence (AI) Laboratory at Yangon Technological University စီမံကိန်းပြီးမြောက်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် Establishment of Artificial Intelligence (AI) Laboratory at Yangon Technological University စီမံကိန်းပြီးမြောက်ခြင်းအခမ်းအနားကို ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Mr. Abhay Thakur တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် Pre – Al Impact Summit Event Documentary ပြသခြင်း ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်(တာဝန်)က Establishment of Artificial Intelligence (AI) Laboratory at Yangon Technological University စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားခြင်း၊ Establishment of Artificial Intelligence (AI) Laboratory at YangonTechnological University စီမံကိန်းမှ မှတ်တမ်းဗွီဒီယိုပြသခြင်းတို့ကို ဆောင်ရွက်ကြသည်။




ယင်းနောက် အိန္ဒိယနိုင်ငံတွင် ကျင်းပပြုလုပ်မည့် India Al Impact Summit 2026 နှင့်စပ်လျဉ်း၍ အကြိုဆောင်ရွက်မှုများကို Polytechnic University (ကျိုင်းတုံ) ပါမောက္ခချုပ်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် Artificial Intelligence (AI) Laboratory ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမှ India Al Impact Summit 2026 ၏ အကြို Pre–Summit Event Meeting များအလိုက် ပါဝင်ဆောင်ရွက်ထားရှိမှုများ၊ မြန်မာနိုင်ငံမှ India Al Impact Summit 2026 တွင် Working Group များအလိုက် ပါဝင်တက်ရောက်ဆွေးနွေးနိုင်မည့် Delegates များနှင့် ပါဝင်ဆောင်ရွက်နိုင်မည့် အခန်းကဏ္ဍများကို ဆွေးနွေးကြသည်။

ယင်းနောက် Establishment of Artificial Intelligence (AI) Laboratory at Yangon Technological University စီမံကိန်း၌ ပါဝင်သည့် Capacity Building Training အတွက် ရန်ကုန်နည်းပညာတက္ကသိုလ်၊ ပါမောက္ခချုပ်(တာဝန်)က SR University ၏ ပါမောက္ခနှင့်မိတ်ဆက်ခြင်းနှင့် AI Training အကြောင်း ရှင်းလင်းခြင်း၊ SR University မှပါမောက္ခ Nitin M Gupta က ဉာဏ်ရည်တုနည်းပညာဆိုင်ရာ Capacity Building အကြောင်းဆွေးနွေးပို့ချခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ UMFCCI မှ တာဝန်ရှိသူများ၊ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ AI Policy နှင့် AI Strategy ရေးဆွဲရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သန်လျင်မြို့နယ် လုမ္ဗိနီဘိုးဘွားရိပ်သာသို့ ဆန်၊ ဆီ၊ အသုံးအဆောင်ပစ္စည်းများနှင့် ငွေပဒေသာပင် လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး၊ အစိုးရအဖွဲ့ဝင်မိသားစုများနှင့် အမျိုးသမီးကော်မတီဝင်များ၊ အလှူရှင်များစုပေါင်း၍ သန်လျင်မြို့နယ် လုမ္ဗိနီဘိုးဘွားရိပ်သာသို့ ဆန်၊ဆီ၊ အသုံးအဆောင်ပစ္စည်းများနှင့် ငွေပဒေသာပင်လှူဒါန်းပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ ဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ဇနီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး၏ဇနီးနှင့် တက်ရောက်လာကြသူများက ဆန်၊ဆီ၊ အသုံးအဆောင်ပစ္စည်းများနှင့် ငွေပဒေသာပင်များကို ရိပ်သာအမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးအေးကြူနှင့် အဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် လုမ္ဗိနီဘိုးဘွားရိပ်သာအမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးအေးကြူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့လှူဒါန်းမှုတွင် ဆန်၊ဆီ၊ အသုံးအဆောင်ပစ္စည်းများနှင့် ငွေပဒေသာပင် စုစုပေါင်း ငွေကျပ် ၁၄၅ သိန်းကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



# လူငယ်ငြိမ်းချမ်းရေးဖိုရမ် – ၂၀၂၆ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

လူငယ်ငြိမ်းချမ်းရေး ဖိုရမ် – ၂၀၂၆ သို့ တက်ရောက်ခဲ့သည့် နေပြည်တော်ကောင်စီ လူငယ်ကိုယ်စားလှယ်များ၏ အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Polytechnic University ၌ ကျင်းပသည်။




အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်များ၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ Naypyitaw State Polytechnic University မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်ငြိမ်းချမ်းရေး ဖိုရမ် – ၂၀၂၆ သို့ တက်ရောက်ခဲ့သည့် နေပြည်တော်ကောင်စီ လူငယ်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက နိုင်ငံတော်အနေဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ၏ အဓိကအင်အားစုဖြစ်ပြီး အနာဂတ်ခေါင်းဆောင်များဖြစ်သော ဗလ ငါးတန်နှင့် ပြည့်စုံသည့် လူငယ်များ ပေါ်ထွက်လာစေရေးအတွက် လူငယ်ငြိမ်းချမ်းရေး ဖိုရမ် –၂၀၂၆ အခမ်းအနားကို ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည့်အတွက် ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် လူငယ်များအားလုံး ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားပြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီမှ ဒုတိယ ဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း)နှင့် ဗိုလ်ချုပ်စိုးနိုင်ဦး (ငြိမ်း)တို့က ငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် လူငယ်များအနေဖြင့် ကျရာအခန်းကဏ္ဍမှ ပါဝင်နိုင်ရေး ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် လူငယ်ငြိမ်းချမ်းရေး ဖိုရမ် – ၂၀၂၆ အခမ်းအနားသို့ တက်ရောက်ခဲ့သည့် နေပြည်တော် လူငယ် ကိုယ်စားလှယ်များက အုပ်စုလိုက်ဆွေးနွေးမှု မှတ်တမ်းများကို ပြန်လည်ရှင်းလင်းခြင်း၊ ဆွေးနွေးခဲ့သည့် ခေါင်းစဉ်များ၏ အနှစ်ချုပ်အား ရှင်းလင်းတင်ပြခြင်း၊ သိရှိလိုသည်များ မေးမြန်းဖြေကြားခြင်း၊ လူငယ်ငြိမ်းချမ်းရေး ဖိုရမ်– ၂၀၂၆ ကြေညာစာတမ်း ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့” အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လှည်းကူးမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိရွှေစင်လတ်နှင့် လှည်းကူးမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းတို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် နိုင်ငံအတွက် မည်မျှအရေးကြီးပုံ၊ လှည်းကူးမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေပုံ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရန် မည်သို့လုပ်ဆောင်သင့်ပုံနှင့် နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့ ဆောင်ပုဒ်နှင့်ပတ်သက်၍ လုပ်ဆောင်သင့်သည့်အကြောင်းအရာများကို အကျယ်တဝင့်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် တောင်ငူ - နေပြည်တော် ရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်နေမှုနှင့် တောင်ငူမြို့ရှောင်ရထားလမ်းဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ယနေ့တွင် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ တောင်ငူ – နေပြည်တော် ရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှု၊ အဆိုပါရထားလမ်းပိုင်းတွင် ဘူတာအသစ်များ ပြန်လည်တည်ဆောက်နေမှု၊ ရထားလမ်းပိုင်းရှိတံတားများအခြေအနေ၊ Automatic Levelling, Lining and Tamping Machine(ALLTM) စက်ဖြင့် ကျောက်ဖြည့်ပါကင်ရိုက်ခြင်း၊ တောင်ငူမြို့ရှောင်ရထားလမ်း တာပေါင်မြေကြီးလုပ်ငန်းနှင့် တံတားလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ တောင်ငူ – နေပြည်တော် ရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှု လုပ်ငန်းအခြေအနေကို RBE ရထားဖြင့် လိုက်ပါစီးနင်း၍ စစ်ဆေးရာ ဒုတိယဝန်ကြီးက လမ်းပိုင်းအတွင်း အသစ်ပြန်လည်တည်ဆောက်နေသည့် ဘူတာများ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအမြန်ပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံနှုန်းများအတိုင်း တည်ဆောက်ရေး အလေးထားဆောင်ရွက်ရန်၊ ရထားလမ်းပိုင်းအတွင်းရှိ အေလာ – သာဝတ္တိဘူတာကြား Automatic Levelling, Lining and Tamping Machine (ALLTM) စက်ကြီးများဖြင့် ကျောက်ဖြည့်ပါကင်ရိုက်ခြင်းလုပ်ငန်းများအား စနစ်တကျသေချာစွာဆောင်ရွက်ရန်၊ ကွေ့နေရာများတွင် Alignment နှင့် Super Elevations များ မှန်ကန်မှုရှိစေရေး စနစ်တကျစစ်ဆေးသွားရန်၊ ရထားလမ်းဘေး ဝဲ/ယာ သတ်မှတ်အကွာအဝေးများတွင် ရေနုတ်မြောင်းများစနစ်တကျ တူးဖော်သွားရန်၊ တံတားများရှိ ဆွေးမြည့်နေသည့် သစ်သားဇလီဖားများ စစ်ဆေးလဲလှယ်သွားရန်နှင့် တောင်ငူ–နေပြည်တော်ကြား အမြန်နှုန်း ၇၅ ကီလိုမီတာ နှုန်းအပြည့်အဝမောင်းနှင်နိုင်ရေး စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တောင်ငူမြို့ရှောင်ရထားလမ်း တာပေါင်မြေကြီးလုပ်ငန်းနှင့် တံတားလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာပေါင်မြေကြီးလုပ်ငန်း ဆောင်ရွက်ရာတွင် အပေါ်ယံမြေလွှာကို ကုန်စင်အောင်ဖယ်ရှား၍ Selected Borrow Soil ကို သိပ်သည်းမှုရရှိအောင် အလွှာလိုက် ဖိကြိတ်၍ Compaction ကောင်းမွန်အောင် ဆောင်ရွက်ပြီး သတ်မှတ်ထားသည့် အရည်အသွေးရရှိအောင် Quality Control ဆောင်ရွက်ရန်၊ ရထားလမ်းဘေး ရေနုတ်မြောင်းများ တစ်ပါတည်း တူးဖော်နိုင်ရေး ဆောင်ရွက်ရန်နှင့် ရထားလမ်းအား သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် တောင်ငူဘူတာနှင့် ယာဒ်ဝင်းကို ကြည့်ရှုစစ်ဆေးပြီး ဘူတာ၌ တိုင်းတာဝန်ခံအရာရှိများ၊ စီမံကိန်းအင်ဂျင်နီယာများနှင့် တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက မိမိတိုင်းနယ်မြေအတွင်းရှိ ဘူတာများ၊ ယာဒ်ဝင်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး စနစ်တကျဆောင်ရွက်ရန်၊ ရထားစီးခရီးသွား ပြည်သူများ စိတ်အေးချမ်းသာစွာ နားနေသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်သွားရန်၊ ဘူတာယာဒ်ဝင်းနှင့် ရထားလမ်းတစ်လျှောက်ရှိ ဌာနပိုင်ပစ္စည်းများ ပျောက်ဆုံး/ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး ရထားရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍စနစ်တကျစစ်ဆေး ဆောင်ရွက်သွားရန်နှင့် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလတွင်း အချိန်မီပြီးစီးရေး ကြပ်မတ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ (၁/၂၀၂၆) အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ပြည်တွင်းအခွန်များဦးစီးဌာနရုံးအမှတ် (၄၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဌာနအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ မတည်ထောက်ပံ့ငွေကျပ်ဘီလီယံ ၁၇၀ ကို ထူထောင်ထားပြီး MSME လုပ်ငန်းကော်မတီ၏ဆုံးဖြတ်ချက်အရ ငွေကျပ်ဘီလီယံ ၂၀ ကို MSME ဖွံ့ဖြိုးတိုးတက်ရေးအကူအညီအထောက်အပံ့အဖြစ်လည်းကောင်း၊ ကျန်ငွေကျပ်ဘီလီယံ ၁၅၀ ကို ချေးငွေထုတ်ချေးနိုင်ရေး အတွက်လည်းကောင်း သုံးစွဲလျက်ရှိပါကြောင်း၊ MSME လုပ်ငန်းရှင်များသို့ ချေးငွေထုတ်ချေးရာတွင် MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်း၊ ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အတိုးနှုန်း သက်သာသောချေးငွေများကို စိစစ်ထုတ်ချေးပေးလျက်ရှိကြောင်း၊ ဇန်နဝါရီ ၂၃ ရက်အထိ MSME လုပ်ငန်းရှင် ၁၉၀ သို့ ချေးငွေပမာဏ ငွေကျပ်သန်းပေါင်း ၇၁၅၅ ကို ထုတ်ချေးခဲ့ပြီး ဖြစ်ကြောင်း။

ထို့ပြင် MSME လုပ်ငန်းရှင်များ ချေးငွေရယူရာတွင်ပိုမိုအဆင်ပြေစေရန် ချေးငွေထုတ်ချေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းအပေါ် ပြင်ဆင် ဖြေလျှော့ပေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေးချေးငွေမှ ပိုမိုမြန်ဆန်စွာနှင့် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ချေးနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ အပြင် ပုဂ္ဂလိကဘဏ် (၁၆) ဘဏ်က PFI ဘဏ်များအဖြစ် ပါဝင်ဆောင်ရွက်ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ PFI ဘဏ်များအနေဖြင့် MSME ချေးငွေ ပိုမိုမြန်ဆန်စွာထုတ်ချေးနိုင်ရေး ဆောင်ရွက်ရန်နှင့် ချေးငွေများ ထိရောက်စွာအသုံးပြုမှု ရှိ၊ မရှိကိုလည်း စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးသွင်အောင်က စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုအခြေခံသော MSME ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်သွားကြရမည်ဖြစ်ပြီး ကြုံတွေ့နေရသော ငွေကြေးအရင်းအနှီး လိုအပ်ချက်အပါအဝင် အခက်အခဲများကို ကူညီဖြေရှင်းနိုင်ရန် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အေဂျင်စီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိရာ အေဂျင်စီသည် MSME ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်ပြီး MSME များအတွက် နည်းပညာနှင့်သတင်းအချက်အလက်များကို ပံ့ပိုးပေးလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များ ငွေကြေး အထောက်အပံ့နှင့် ဘဏ်ချေးငွေရရှိနိုင်ရေးအတွက် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ချေးငွေထုတ်ချေးပြီးစီးမှုနှင့် လက်ကျန်အခြေအနေ၊ ချေးငွေ စိစစ်ခွင့်ပြုမှုများအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ဆက်လက်၍ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ MSME များလိုအပ်သော ငွေကြေးအရင်းအနှီးများကို MSME အေဂျင်စီနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့ ပူးပေါင်း၍ မြန်ဆန်မှန်ကန်စွာ စိစစ်ထုတ်ချေးနိုင်ရေး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❁ **မန္တလေး-လားရှိုးမှ**

နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိရပ်နားကြောင်း၊ ဂုတ်ထိပ်(၂) RBE ရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ ညနေ ၄ နာရီတွင် ပြန်လည်ရောက်ရှိကြောင်း၊ လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချိုဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဂုတ်ထိပ်ဘူတာမှ ဂုတ်ထိပ်တံတားပေါ် ဖြတ်သန်းပြီး ရှုခင်းကြည့်နေရာအထိ လူ ၂၀ လိုက်ပါစီးနင်းနိုင်သည့် RGC ရထားအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိရာ ယနေ့အထိ ၄၀၀ လိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ် အသွား/အပြန် ခရီးစဉ်အတွက် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တို့၌ ပုံမှန်ပြေးဆွဲပေးလျက်ရှိပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့်ဝန်ဆောင်မှုလုပ်ငန်းများမှ သီးခြားရက်များတွင်ငှားရမ်းလိုပါက RBE ရထား (တစ်စင်းလုံး) ၂၄ ဦး လိုက်ပါ စီးနင်းနိုင်သည့် အထက်တန်းတွဲဖြင့် အသွား/အပြန် ခရီးစဉ်အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ်ခုနစ်သိန်းနှစ်သောင်း ကျသင့်မည်ဖြစ်သည်။ ထို့အတူခရီးသည် ၁၅၀ နှင့်အထက် စီးနင်းနိုင်ရန် ရထားကြီးဖြင့် ထိုင်ခုံ ၃၀ ပါ အထက်တန်းတွဲ၊ ထိုင်ခုံ ၆၀ ပါ ရိုးရိုးတန်းတွဲနှင့် ဘရိတ်တွဲတို့ဖြင့် ချိတ်ဆက်၍ ပြင်ဦးလွင်-ဂုတ်ထိပ်- ပြင်ဦးလွင် ခရီးစဉ်အပြင် ဇီးပင်ကြီး၊ အနီးစခန်းနှင့် သုံးတောင်ဘူတာတို့မှ လိုက်ပါစီးနင်းလိုပါကလည်း ပြေးဆွဲပေးမည်ဖြစ်ရာ ပြင်ဦးလွင်-ဂုတ်ထိပ်- ပြင်ဦးလွင် အသွား/အပြန် ရိုးရိုးတန်း တစ်ဦးလျှင်ငွေကျပ် ၁၅၀၀၀ နှင့်အထက်တန်းတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ကျသင့်မည်ဖြစ်ပြီး အနီးစခန်းဘူတာမှ စတင်ပြေးဆွဲပေးခဲ့မှုအတွက် ရိုးရိုးတန်း တစ်ဦးလျှင်ငွေကျပ် ၂၀၀၀၀နှင့် အထက်တန်းတစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀ ကောက်ခံပြေးဆွဲပေးခဲ့သည်။

အထက်ပါ နှုန်းထားများဖြင့် ရှုခင်းကြည့် Sightseeing ခရီးစဉ်များအတွက် Package ဖြင့် RBE (သို့မဟုတ်) ရထားကြီး စင်းလုံးငှားရမ်းလိုပါက သုံးရက်ကြိုတင်၍ ရုံပိုင်ကြီး (အထူးတန်း) ပြင်ဦးလွင် ဖုန်း ၀၉-၄၄၈၅၃၈၈၃၀ မှ တစ်ဆင့် ဆက်သွယ်ငှားရမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) အောင်မြင်စွာ ကျင်းပနိုင်ရေး သတင်း၊ ပြန်ကြားရေးနှင့် ဖျော်ဖြေရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) အောင်မြင်စွာ ကျင်းပနိုင်ရေး သတင်း၊ ပြန်ကြားရေးနှင့် ဖျော်ဖြေရေး လုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီး ဌာန အစည်းအဝေးခန်း၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ သတင်း၊ ပြန်ကြားရေးနှင့် ဖျော်ဖြေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ လုပ်ငန်း ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီအတွက် သတ်မှတ်ပေးအပ်ထားသော လုပ်ငန်းတာဝန်များ ကဏ္ဍအလိုက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ ဖျော်ဖြေရေးလုပ်ငန်းများအတွက် သတ်မှတ်နေရာ၌ စင်မြင့်ဆောက်လုပ်မှုနှင့် ဖျော်ဖြေမှုများ စနစ်တကျ ဖြစ်စေရေး၊ ပွဲတော်နှင့် စပ်လျဉ်းသည့် သတင်းအချက် အလက်များကို ပြည်သူများ သိရှိနိုင်ရန် Billboard များ စိုက်ထူသွားရေး၊ ပြည်သူများ ကြိုတင်သိရှိနိုင်ရန် ရုပ်မြင်သံကြား၊ သတင်းစာနှင့် အွန်လိုင်းများတွင် စတင် ဖော်ပြနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**ကျင်းပသွားမည်**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ နေပြည်တော် ပြည်သူ့ရင်ပြင်၌ ကျင်းပသွားမည်ဖြစ်ရာ ပြခန်းခင်းကျင်းပြသမှုများ အပြင် ဖျော်ဖြေတင်ဆက်မှုများနှင့် ပျော်ပွဲရွှင်ပွဲများ လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# မြန်မာ-ရုရှား ဇီဝလုံခြုံရေးကဏ္ဍ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

အာရှ-ပစိဖိတ်ဒေသအပါအဝင် ကမ္ဘာတစ်ဝန်း၌ ဇီဝလုံခြုံရေးဆိုင်ရာ နယ်ပယ်များတွင် ဖြစ်ပေါ်လျက် ရှိသည့် ခြိမ်းခြောက်မှုများအား သုတေသနပြု ဆန်းစစ် အကဲဖြတ်မှုများကို ပူးပေါင်းဖလှယ်နိုင်ရန် ရည်ရွယ် လျက် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား တတိယအကြိမ် မြောက် ဇီဝလုံခြုံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန၌ ကျင်းပသည်။

ဦးစွာ ဇီဝလက်နက် တားဆီးပိတ်ပင်ရေးစာချုပ် အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရေး အဖွဲ့(Biological Weapon Convention/ BWC-National Authority)ဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက မြန်မာ နိုင်ငံသည် ၁၉၇၂ ခုနှစ်တွင် BWC အဖွဲ့ဝင်အဖြစ် စတင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် BWC ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာရမည်ကို ခိုင်မာသော လက်မှတ်(Ratification)ရေးထိုးခဲ့ကာ ၁၇၁ နိုင်ငံမြောက် BWC အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ရာမှ BWC ပြဋ္ဌာန်းချက်များနှင့် ကတိကဝတ်များကို လိုက်နာကျင့်သုံးလျက်ရှိပြီး နှစ်စဉ် ဧပြီ ၁၅ ရက် မတိုင်မီ နိုင်ငံအချင်းချင်း ယုံကြည်မှုတည်ဆောက်ရာ တွင် အရေးပါသောအချက်များ ဖြေကြားထားသည့် Confidence Building Measures(CBMs)ကို Implementation Support Unit သို့ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ရှစ်ကြိမ် တင်သွင်းခဲ့ပြီးဖြစ်ပါကြောင်း၊

ယခင်သမိုင်းကြောင်း အစဉ်အလာများ၊ ယခု ခေတ် ဇီဝကပ်ဘေးအန္တရာယ်များကြောင့် လူသား မျိုးနွယ်တို့ ရေရှည်တည်တံ့စွာ ရှင်သန်နေထိုင်နိုင်ရေး အတွက် ဇီဝလုံခြုံရေးသည် အထူးအလေးထား ဆောင်ရွက်ရမည့်ကဏ္ဍတစ်ခု ဖြစ်ပါကြောင်း၊ တိရစ္ဆာန်နှင့် အပင်များ၊ မျိုးရိုးဗီဇပြုပြင်ထားသော ကောက်ပဲသီးနှံများနှင့် ထုတ်ကုန်များမှတစ်ဆင့် ဖြစ်ပေါ်လာနိုင်သော ကူးစက်ကပ်ရောဂါများ၊ ယင်းအပြင် AI အခြေပြု ဇီဝနည်းပညာပြုပြင်ဖန်တီးမှု များမှတစ်ဆင့်ဖြစ်ပေါ်လာနိုင်သော ဇီဝဘေးအန္တရာယ် များကို ကင်းရှင်းစေရေးအတွက် မိမိတို့နှစ်နိုင်ငံ အကြား မဟာဗျူဟာမြောက် ရေရှည်ပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် အရေးပါသောခြေလှမ်း တစ်ရပ်အနေဖြင့် ယနေ့ညှိနှိုင်းဆွေးနွေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာ ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇီဝလက်နက်တားဆီးပိတ်ပင်ရေး စာချုပ်ပါ အခန်း(၁၀)ရှိ သိပ္ပံနှင့် နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကို ကိုးကားလျက် ဇီဝလုံခြုံရေး ဆိုင်ရာ နယ်ပယ်များတွင် နှစ်နိုင်ငံ စည်းလုံးညီညွတ် စွာ ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ဇီဝလုံခြုံ ရေးဆိုင်ရာ ထိန်းချုပ်ဆောင်ရွက်မှု အခင်းအကျင်း များ မြှင့်တင်ဖော်ဆောင်ရေး၊ နိုင်ငံတကာဖိုရမ်များ ကျင်းပသွားနိုင်ရန်နှင့် အပြန်အလှန် ဆက်သွယ် ဖလှယ်မှုများ တည်ဆောက်သွားနိုင်ရေးမှသည် နှစ်နိုင်ငံလုံးရှိ ပြည်သူတို့၏ ဇီဝလုံခြုံရေး ပိုမိုခိုင်မာ အားကောင်းမှုမှ ဘုံအကျိုးကျေးဇူးများကို ရရှိနိုင်ရေး တို့အတွက် ရင်းနှီးပွင့်လင်းစွာ အသိအမှတ်ပြုကာ ညှိနှိုင်းဆွေးနွေးကြသည်။

နှစ်ဖက်ဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီး က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ် ညှိနှိုင်းပေးပြီး ရုရှားကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ထံ အမှတ်တရလက်ဆောင်ပေးအပ်သည်။

ယခုဆွေးနွေးပွဲမှတစ်ဆင့် မြန်မာ-ရုရှား မဟာ ဗျူဟာမြောက် မိတ်ဖက်နိုင်ငံများပီပီ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်ခိုင်မြဲစေရေးကို ဇီဝလုံခြုံ ရေးပူးပေါင်းဆောင်ရွက်မှုမှ တစ်တပ်တစ်အား အထောက်အကူပြုနိုင်ရေး၊ နိုင်ငံ့ဇီဝလုံခြုံရေးကဏ္ဍကို ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ဇီဝနည်းပညာ အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ကမ္ဘာ့ထိပ်တန်း ဇီဝလုံခြုံရေးနိုင်ငံဖြစ်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ နှင့် ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် အပြုသဘောဆောင်သော ဆွေးနွေးမှုရလဒ်များ ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၂၇ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်း နိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ် လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေ တွင် တရားမဝင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်း လိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှား နိုင်ငံသား ၉၁ ဦးနှင့် ကင်ညာ နိုင်ငံသား ၃၆ ဦး စုစုပေါင်း ပြည်ပ နိုင်ငံသား ၁၂၇ ဦးတို့အား မြန်မာ- ထိုင်း အမှတ်(၂)ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ လူသားချင်းစာနာ ထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံလွှဲပြောင်းပေးသည်။



အဆိုပါပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေး နှင့် အဆင်ပြေချောမွေ့စေရေး အတွက် မြဝတီခရိုင် စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ များနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိ ရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်း ပေးအပ်ပွဲကို ဆက်လက်ကျင်းပ ခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာသမ္မတ နိုင်ငံသံရုံးမှ Deputy Ambassador Mrs. Nancy Wanjiru Mwang နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ Counsellor Mr. Vinsky Wat-timena နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာနမှ တာဝန် ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန် ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက် အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ် သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများ တွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ် ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင် ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံ များ၊ နိုင်ငံတကာအဖွဲ့အစည်း များနှင့် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခ ရောက်နေကြသော နိုင်ငံခြားသား များနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင် လွှဲပြောင်းပေးနိုင်ရေး ထိရောက် စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ်( ၂၅ / ၂၀၁၆ )

၁၃၇၇ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်း ကြေညာခြင်း

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| ( ၁ ) | ဦးနော်တောင် | ၁/မကန(နိုင်)၀၃၄၅၁၆ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၂ ) | ဦးစိန်ဝင်းထွန်း | ၁/မညန(နိုင်)၀၁၈၀၉၆ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကချင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂)** | | | | |
| ( ၃ ) | ဦးဇုန်းလုတ် | ၁/မကန(နိုင်)၀၇၄၉၀၆ | အမှတ်(၉) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၄ ) | ဦးအောင်ဆန်းထူး | ၁/ဗမန(နိုင်)၀၅၁၃၉၄ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၅ ) | ဦးစိန်လွင်ဦး | ၁/မညန(နိုင်)၀၀၄၀၉၆ | အမှတ်(၁၁) | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| ( ၆ ) | ဒေါက်တာ မနာမ်တူးဂျာ | ၁/မကန(နိုင်)၁၁၉၂၈၆ | အမှတ်(၁၂) | ကချင်ပြည်နယ်ပြည်သူ့ပါတီ |
| **ကရင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| ( ၇ ) | ဦးအောင်သိန်းဝင်း | ၃/ကကရ(နိုင်)၀၀၀၇၁၆ | အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၈ ) | ဦးဟန်လင်းထွန်း | ၃/ကဆက(နိုင်)၀၄၀၃၁၂ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကရင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်)မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| ( ၉ ) | ဦးစောနေလင်းအောင် | ၃/ဘအန(နိုင်)၂၂၃၂၁၃ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးချစ်ဝေ | ၃/ဘအန(နိုင်)၀၂၀၇၀၅ | အမှတ်(၈) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | စောမြတ်ထွဋ်ဝင်း (ခ)ကိုဆွိ | ၃/ကကရ(နိုင်)၀၁၁၂၁၁ | အမှတ်(၉) | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ |
| (၁၂) | နန်းစောစောမွန် | ၃/ဘအန(နိုင်) ၀၈၃၇၇၈ | အမှတ်(၁၀) | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ |
| (၁၃) | နော်ယုဇနဝါ | ၃/ဘအန(နိုင်)၀၀၄၇၀၆ | အမှတ်(၁၁) | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ |
| (၁၄) | ခွန်ဝင်းဦး | ၃/ဘအန(နိုင်)၀၁၇၁၆၄ | အမှတ်(၁၂) | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၅) | ဒေါ်ကျော့ယဉ်ဝင်း | ၅/ယမပ(နိုင်)၀၃၄၂၆၁ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်)မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| (၁၆) | ဦးသိန်းလှိုင် | ၉/မခန(နိုင်)၀၀၇၅၇၈ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးကျော်ဇင်ထွန်း | ၅/ဟမလ(နိုင်)၀၇၁၂၅၃ | အမှတ်(၈) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၈) | ဦးသန်းအောင် | ၆/ကစန(နိုင်)၀၃၀၆၁၃ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ဦးမောင်စိန် | ၆/ထဝန(နိုင်)၀၀၈၇၁၃ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးမိုးမြင့် | ၆/မအရ(နိုင်)၀၀၉၄၅၉ | အမှတ်(၅) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်)မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| (၂၁) | ဦးယုနိုင် | ၃/ဘအန(နိုင်)၀၁၁၆၄၉ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဦးတင်မောင်ဝင်း | ၆/ပလန(နိုင်)၀၀၁၉၈၁ | အမှတ်(၈) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဦးဉာဏ်ထွန်း | ၆/ကစန(နိုင်)၀၂၃၇၅၁ | အမှတ်( ၉ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးသန်းအေး(ခ) ဦးတင်ဦး | ၆/ထဝန(နိုင်)၀၇၆၉၃၁ | အမှတ်(၁၀) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၂၅) | ဦးစိုးကြည် | ၆/မမန(နိုင်)၁၃၆၈၈၃ | အမှတ်(၁၁) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၂၆) | ဦးဝေယံမျိုး | ၁၄/ဘကလ(နိုင်)၂၀၄၁၅၄ | အမှတ်(၁၂) | ပြည်သူ့ပါတီ |
| **ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၂၇) | ဦးအောင်စိုး | ၇/ပခန(နိုင်)၀၇၆၉၅၃ | အမှတ်( ၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | ဒေါ်နီနီမာ | ၇/တငန(နိုင်)၀၇၃၇၁၄ | အမှတ်( ၂ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ဒေါ်ထားထားနု | ၇/ပမန(နိုင်)၀၆၀၂၅၂ | အမှတ်( ၃ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၀) | ဦးရဲမြင့်ထွန်း | ၇/ပခန(နိုင်)၀၀၁၉၉၂ | အမှတ်( ၄ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးကျော်ဝင်းဦး | ၇/ပခန(နိုင်)၁၀၁၂၇၇ | အမှတ်( ၆ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်)မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| (၃၂) | ဦးဇင်မင်းထက် | ၉/မမန(နိုင်)၀၁၃၁၁၇ | အမှတ်( ၇ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) | ဦးသိန်းဇော် | ၇/သဝတ(နိုင်)၀၀၆၁၉၂ | အမှတ်( ၈ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးသောင်းရွှေ | ၇/ပတတ(နိုင်)၀၅၁၉၆၂ | အမှတ်( ၉ ) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| **ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်)မဲဆန္ဒနယ်အမှတ်(၂)** | | | | |
| (၃၅) | ဦးလှသိန်း | ၇/ပခန(နိုင်)၀၀၅၅၆၂ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၆) | ဦးဖြိုးဝေလင်း | ၇/ဒဥန(နိုင်)၁၄၇၀၅၂ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးမင်းစိန် | ၇/ပခန(နိုင်)၀၁၃၂၁၆ | အမှတ်(၁၂) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၃၈) | ဦးခင်မောင်ဝင်း | ၉/ကဆန(နိုင်)၀၈၈၁၇၃ | အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၉) | ဦးဗိုလ်သိန်းနိုင် | ၉/မခန(နိုင်)၀၅၆၉၉၇ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဦးဟိန်းမင်းဦး | ၉/သစန(နိုင်)၁၀၁၀၁၅ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးဝင်းဖေမောင် | ၉/မနတ(နိုင်)၀၉၈၆၇၈ | အမှတ်(၄) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၂) | ဦးမောင်မောင်မြင့် | ၁၂/တမန(နိုင်)၀၅၄၂၅၇ | အမှတ်(၅) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်)မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| (၄၃) | ဦးကျော်တင် | ၅/ငဇန(နိုင်)၀၀၅၆၂၇ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၄) | ဦးမြင့်ဦး | ၉/ညဥန(နိုင်)၀၇၅၈၅၁ | အမှတ်(၈) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်)မဲဆန္ဒနယ်အမှတ်(၂)** | | | | |
| (၄၅) | ဦးခင်မောင်မြင့် | ၉/မနမ(နိုင်)၁၁၀၁၂၈ | အမှတ်(၉) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၆) | ဦးမြင့်စန်း | ၉/မရတ(နိုင်)၀၉၅၂၉၇ | အမှတ်(၁၀) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်)မဲဆန္ဒနယ်အမှတ်(၃)** | | | | |
| (၄၇) | ဦးအောင်လင်းဒွေး | ၁၀/သထန(နိုင်)၀၁၂၈၀၇ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၈) | ဦးကျော်တင့် | ၉/မထလ(နိုင်)၁၀၉၂၆၄ | အမှတ်(၁၂) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |

စာမျက်နှာ ၁၁ သို့ ✪

❂ စာမျက်နှာ ၁၀ မှ

**ရန်ကုန်တိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)**

(၄၉) ဦးဝင်းလှိုင် ၁၂/မဂတ(နိုင်)၀၀၇၇၈၄ အမှတ်(၁) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၅၀) ဦးအောင်ဝင်းသန်း ၁၂/လမန(နိုင်)၁၀၀၉၇၄ အမှတ်(၂) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၅၁) ဦးဇော်ဝင်းသန့် ၁၂/မဂဒ(နိုင်)၀၂၁၉၄၂ အမှတ်(၄) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၅၂) ဦးအောင်သီဟ ၁၂/မဂတ(နိုင်)၀၀၀၉၆၇ အမှတ်(၅) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၅၃) ဦးအေးပိုင် ၁၂/ကတန(နိုင်)၀၅၆၄၄၀ အမှတ်(၆) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

**ရန်ကုန်တိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)**

(၅၄) ဦးရဲရင့်စိုးညွန့် ၁၂/ဗတထ(နိုင်)၀၀၇၅၀၅ အမှတ်(၇) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၅၅) ဦးကြည်လင်းထက် ၁၀/ကထန(နိုင်)၀၉၂၃၇၁ အမှတ်(၈) ပြည်သူ့ပါတီ

**ရန်ကုန်တိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)**

(၅၆) ဦးရန်နိုင်ဦး ၁၂/ဒဂန(နိုင်)၀၃၁၀၇၇ အမှတ်(၉) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၅၇) ဦးကျော်ကျော်လတ် ၁၄/မမန(နိုင်)၁၄၄၈၃၂ အမှတ်(၁၀) ပြည်သူ့ပါတီ

**ရန်ကုန်တိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၃)**

(၅၈) ဦးတင့်ဇော် ၁၂/မဘန(နိုင်)၀၀၃၁၉၀ အမှတ်(၁၁) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၅၉) ဦးဝဏ္ဏစိုး ၁၂/သဃက(နိုင်)၁၆၂၅၆၅ အမှတ်(၁၂) ပြည်သူ့ပါတီ

**ရှမ်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)**

(၆၀) ခွန်ထိုင်း ၁၃/ဆဆန(နိုင်)၀၅၉၈၂၂ အမှတ်(၃) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ

(၆၁) ဒေါက်တာကျော်ထွန်း ၉/မရတ(နိုင်)၀၀၆၄၅၃ အမှတ်(၆) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

**ရှမ်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)**

(၆၂) ဦးခင်မောင်မြင့် ၁၃/ရစန(နိုင်)၀၀၉၀၉၁ အမှတ်(၇) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၆၃) ခွန်စောလွင် ၁၃/ကတလ(နိုင်)၀၀၇၄၈၁ အမှတ်(၈) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ

**ရှမ်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)**

(၆၄) ဦးထွန်းလင်း ၁၃/နခန(နိုင်)၀၅၈၅၉၆ အမှတ်( ၉ ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၆၅) စိုင်းဝင်းခိုင် ၁၃/သနန(နိုင်)၀၀၆၀၄၄ အမှတ်(၁၀) ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)

**ရှမ်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၃)**

(၆၆) ဦးရှာမွေလရှဲန် ၁၃/မခန(နိုင်)၀၀၀၁၁၉ အမှတ်(၁၁) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၆၇) ဒေါ်နန်းဝိုးစိန် ၁၃/မပတ(နိုင်)၀၀၀၉၃၇ အမှတ်(၁၂) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

**ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)**

(၆၈) ဦးရန်နိုင်ဝင်း ၁၄/ကပန(နိုင်)၁၂၅၆၅၈ အမှတ်(၁) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၆၉) ဒေါ်နွယ်နွယ်ဦး ၁၄/ပသန(နိုင်)၀၅၅၉၄၆ အမှတ်(၂) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၇၀) ဦးခိုင်ဝင်းအောင် ၁၄/ဖပန(နိုင်)၀၉၇၇၉၄ အမှတ်(၃) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၇၁) ဦးအောင်ကျော်မင်း ၁၂/မရက(နိုင်)၀၇၇၈၇၇ အမှတ်(၄) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၇၂) ဦးထိန်လင်း ၁၄/လပတ(နိုင်)၀၀၀၉၄၅ အမှတ်(၅) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၇၃) ဦးမျိုးသန့် ၁၂/ဒဂန(နိုင်)၀၁၀၅၇၆ အမှတ်(၆) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

**ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)**

(၇၄) ဦးမြင့်ကြိုင် ၉/မနမ(နိုင်)၀၈၉၅၄၆ အမှတ်(၇) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၇၅) ဦးအောင်တင်မြင့် ၁၄/ပသန(နိုင်)၀၈၇၁၁၆ အမှတ်(၈) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၇၆) ဒေါ်ကျင်သိန်း ၁၄/ပသန(နိုင်)၀၅၂၂၀၇ အမှတ်( ၉ ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

**ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)**

(၇၇) ဦးချစ်ဆွေ ၇/တငန(နိုင်)၀၁၃၃၀၄ အမှတ်(၁၀) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၇၈) ဒေါ်ဇင်ပပဦး ၁၄/ဘကလ(နိုင်)၁၇၂၀၇၀ အမှတ်(၁၁) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(၇၉) ဒေါ်ခင်သန်းဦး ၁၄/ဟသတ(နိုင်)၀၄၀၇၄၀ အမှတ်(၁၂) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

**(ပုံ)သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၂) | | | ၃၃၄၅ | ၆၈၀၀ | ၁၀၁၄၅ | |
| | | ဦးနော်တောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၄၁ | ၆၁၃၅ | ၈၃၇၆ | ၈၂.၅၆% |
| | | ဦးရန်အောင်မျိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၃၉ | ၂၅၈ | ၇၉၇ | ၇.၈၆% |
| | | ဦးမိုးဟိန်း | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၆ | ၁၅၆ | ၄၁၂ | ၄.၀၆% |
| | | ဒေါ်ဦးကြီးဂျယ်ရာ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၈၅ | ၁၆၆ | ၃၅၁ | ၃.၄၆% |
| | | ဦးအမ်ဂွမ်ဂျာနော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၄ | ၈၅ | ၂၀၉ | ၂.၀၆% |
| ၂ | မဲဆန္ဒနယ်အမှတ်(၃) | | | ၇၃၄၈၄ | ၁၀၅၅၇ | ၈၄၀၄၁ | |
| | | ဦးစိန်ဝင်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၉၁၉ | ၇၁၆၂ | ၃၄၀၈၁ | ၄၀.၅၅% |
| | | ဦးကျော်ထွေး | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၁၂၆၀ | ၁၄၃၂ | ၂၂၆၉၂ | ၂၇.၀၀% |
| | | ဦးဘရန်ရှောင် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၈၂၆၂ | ၅၆၂ | ၈၈၂၄ | ၁၀.၅၀% |
| | | ဒေါ်တင်တင်ထွေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၆၆၁ | ၄၉၅ | ၇၁၅၆ | ၈.၅၂% |
| | | ဒေါ်လုဆိုင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၃၁၂ | ၄၆၂ | ၅၇၇၄ | ၆.၈၇% |
| | | ဒေါ်သန်းမြ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၀၇၀ | ၄၄၄ | ၅၅၁၄ | ၆.၅၆% |

စာမျက်နှာ ၁၂ သို့ ✳

# မွေးမြူရေးသုတေသနဦးစီးဌာနက သုတေသနစာတမ်းများ ဖိတ်ခေါ်

**နေပြည်တော် ဇန်နဝါရီ ၂၉**

မွေးမြူရေးသုတေသနဦးစီးဌာနသည် ဦးစီးဌာနဖွင့်လှစ်တည်ထောင်သည့် (၄)နှစ်ပြည့်မြောက်သည့် ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်တွင် စတုတ္ထအကြိမ်မြောက် မွေးမြူရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို **“မွေးရေကဏ္ဍဖွံ့ဖြိုးတိုးတက်ဖူလုံဖို့ သုတေသနပြုအားပေး လက်တွဲဆောင်ရွက်စို့”**ခေါင်းစဉ်ဖြင့် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲသို့ ရေရှည်တည်တံ့စေမည့် မွေးမြူထုတ်လုပ်ရေးနည်းစနစ်ဆိုင်ရာများ၊ ဈေးကွက်ဝင်တန်ဖိုးမြင့် မွေးမြူရေးထုတ်ကုန်ဆိုင်ရာများ၊ တိရစ္ဆာန်အစာနှင့် အာဟာရဗေဒဆိုင်ရာများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများ၊ မွေးမြူရေးအခြေပြုလူမှုစီးပွားရေးဆိုင်ရာ နယ်ပယ်များမှ သုတေသနစာတမ်းများကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း မွေးမြူရေးသုတေသနဦးစီးဌာနမှ ဖိတ်ခေါ်နိုးဆော်ထားသည်။

အသေးစိတ်ကို ဝန်ကြီးဌာန၏ Website လိပ်စာ www.moali.gov.mm နှင့် ဦးစီးဌာန၏ Website လိပ်စာ https://www.dlar.moali.gov.mm တို့တွင်လည်းကောင်း၊ ဒေါက်တာဆောဘောမ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဖုန်း- ၀၉ ၂၅၀၂၀၅၉၉၀၊ Email sawvetdlar@gmail.com နှင့် ဒေါက်တာသန်းသန်းဆင့်၊ ညွှန်ကြားရေးမှူး၊ ဖုန်း-၀၉ ၉၇၂၉၁၅၈၅၀၊ Email sintsint1974@gmail.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

* စာမျက်နှာ ၁၁ မှ

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)
## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၄၈၁၀၆ / ၄ = ၃၇၂၇၆

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၁၄၈၁၀၆ | ၁ | | ၃ | ၄ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၇၇၃၁ | ၁ | ၃၀၄၅၅ | ၁ | ၂ | |
| | | ၂။ | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၆၈၁ | - | ၂၈၆၈၁ | ၁ | ၁ | |
| | | ၃။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၈၀၂၇ | - | ၁၈၀၂၇ | ၁ | ၁ | |
| | | ၄။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၈၈၆ | - | ၁၅၈၈၆ | - | - | |
| | | ၅။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၂၄၇ | - | ၁၂၂၄၇ | - | - | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၁၄ | - | ၅၅၁၄ | - | - | |

ရှင်းလင်းချက်။ ( ၁ ) ၉-၁-၂၀၁၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ကချင်ပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ် (၆) နှင့် ၂၉-၁-၂၀၁၆ ရက်စွဲပါကြေညာချက်(၂၅/၂၀၁၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒနယ်အမှတ်(၂)၊ (၃)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

---

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲအရေအတွက် | ကြိုတင်မဲအရေအတွက် | နိုင်လုံမဲစုစုပေါင်း | နိုင်လုံမဲရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကရင်ပြည်နယ် | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | | | ၆၉၄၁ | ၄၀၄၇ | ၁၀၉၈၈ | |
| | | ဦးအောင်သိန်းဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၆၆၇ | ၃၂၉၆ | ၆၉၆၃ | ၆၃.၃၆% |
| | | စောဖေမောင်တင် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၁၃၃၄ | ၃၈၈ | ၁၇၂၂ | ၁၅.၆၇% |
| | | ဦးလှမြင့် | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၉၀၃ | ၁၃၄ | ၁၀၃၇ | ၉.၄၄% |
| | | ဦးဝင်းကျော်ကျော် | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၇၀၈ | ၁၆၅ | ၈၇၃ | ၇.၉၅% |
| | | ဦးရဲဝင်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၂၉ | ၆၄ | ၃၉၃ | ၃.၅၈% |
| ၂ | မဲဆန္ဒနယ်အမှတ်(၂) | | | ၃၀၅၀ | ၂၄၈၆ | ၅၅၃၆ | |
| | | ဦးဟန်လင်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၃၅ | ၁၈၆၁ | ၃၂၉၆ | ၅၉.၅၄% |
| | | စောလင်းဘိုဘို | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၇၀၅ | ၃၆၈ | ၁၀၇၃ | ၁၉.၃၈% |
| | | ဦးကိုကိုနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၈၅ | ၁၁၀ | ၄၉၅ | ၈.၉၄% |
| | | စောသိန်းလှအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၀၁ | ၁၀၃ | ၄၀၄ | ၇.၃၀% |
| | | ခွန်အောင်မြင့် | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၂၂၄ | ၄၄ | ၂၆၈ | ၄.၈၄% |

---

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)
## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၈၈၁၇၃ / ၆ = ၃၁၃၆၁

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသောနိုင်လုံမဲ အရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ကရင်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၁၈၈၁၇၃ | ၄ | | ၂ | ၆ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၇၂၈၄၆ | ၂ | ၁၀၁၂၄ | - | ၂ | |
| | | ၂။ | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၅၂၁၆၇ | ၁ | ၂၀၈၀၆ | ၁ | ၂ | |
| | | ၃။ | ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ | ၄၀၁၀၉ | ၁ | ၈၇၄၈ | - | ၁ | |
| | | ၄။ | ပအိုဝ်းအမျိုးသား ညီညွတ်ရေးပါတီ | ၁၃၀၇၃ | - | ၁၃၀၇၃ | ၁ | ၁ | |
| | | ၅။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၃၁၂ | - | ၉၃၁၂ | - | - | |
| | | ၆။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၅၇ | - | ၈၅၇ | - | - | |

ရှင်းလင်းချက်။ ( ၁ ) ၉-၁-၂၀၁၆ ရက်နေ့နှင့် ၁၈-၁-၂၀၁၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ကရင်ပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ် အမှတ် (၄)၊ (၅)၊ (၃)၊ (၆)နှင့် ၂၉-၁-၂၀၁၆ ရက်စွဲပါကြေညာချက်(၂၅/၂၀၁၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒနယ်အမှတ်(၁)၊ (၂)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်း ရရှိသည့် ဆန္ဒမဲရရှိမှု စာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

စာမျက်နှာ ၁၃ သို့ *

✻ စာမျက်နှာ ၁၂ မှ

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲအရေအတွက် | ကြိုတင်မဲအရေအတွက် | ခိုင်လုံမဲစုစုပေါင်း | ခိုင်လုံမဲရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၃) | | | ၃၆၇၀၅ | ၆၇၉၅ | ၄၃၅၀၀ | |
| | | ဒေါ်ကျော့ယဉ်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၃၅၉ | ၅၈၆၈ | ၂၇၂၂၇ | ၆၂.၅၉% |
| | | ဦးကျော်စိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၆၅၀ | ၇၁၄ | ၁၃၃၆၄ | ၃၀.၇၂% |
| | | ဦးရန်နိုင်ဌေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၆၉၆ | ၂၁၃ | ၂၉၀၉ | ၆.၆၉% |

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၂၁၅၂၁ / ၂ = ၆၀၇၆၀

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက်စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၁၂၁၅၂၁ | ၁ | | ၁ | ၂ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၆၂၉၁၃ | ၁ | ၂၁၅၃ | - | ၁ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ | ၂၈၅၃၉ | - | ၂၈၅၃၉ | ၁ | ၁ | |
| | | ၃။ | ရှမ်းနီ(တိုင်းလျှန်)သွေးစည်း ညီညွတ်ရေးပါတီ | ၂၂၄၇၀ | - | ၂၂၄၇၀ | - | - | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၅၉၉ | - | ၇၅၉၉ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ၁၈-၁-၂၀၁၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၂)နှင့် ၂၉-၁-၂၀၁၆ ရက်စွဲပါကြေညာချက် (၂၅ /၂၀၁၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒနယ်အမှတ် (၃)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှု စာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲအရေအတွက် | ကြိုတင်မဲအရေအတွက် | ခိုင်လုံမဲစုစုပေါင်း | ခိုင်လုံမဲရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၂) | | | ၄၂၁၅၄ | ၅၃၅၆ | ၄၇၅၁၀ | |
| | | ဦးသန်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၅၆၀ | ၄၅၄၉ | ၂၀၁၀၉ | ၄၂.၃၃% |
| | | ဦးကျော်လွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၉၅၈ | ၂၇၀ | ၁၃၂၂၈ | ၂၇.၈၄% |
| | | ဦးစိုးကိုကိုဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၀၈၇ | ၄၁၀ | ၈၄၉၇ | ၁၇.၈၈% |
| | | ဒေါက်တာအောင်သက် | တစ်သီးပုဂ္ဂလ | ၅၅၄၉ | ၁၂၇ | ၅၆၇၆ | ၁၁.၉၅% |
| ၂ | မဲဆန္ဒနယ်အမှတ်(၃) | | | ၁၃၉၁၁ | ၅၄၂၃ | ၁၉၃၃၄ | |
| | | ဦးမောင်စိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၅၇၀ | ၄၇၇၀ | ၁၀၃၄၀ | ၅၃.၄၃% |
| | | ဦးထွန်းမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၃၈၆ | ၄၅၀ | ၅၈၃၆ | ၃၀.၁၅% |
| | | ဦးချစ်ညို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၉၇၅ | ၂၀၃ | ၃၁၇၈ | ၁၆.၄၂% |
| ၃ | မဲဆန္ဒနယ်အမှတ်(၅) | | | ၁၀၅၁၀၃ | ၈၁၁၄ | ၁၁၃၂၁၇ | |
| | | ဦးမိုးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၂၃၉၀ | ၆၉၀၆ | ၃၉၂၉၆ | ၃၄.၇၁% |
| | | ဦးကိုဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၂၇၃၉ | ၅၃၈ | ၃၃၂၇၇ | ၂၉.၃၉% |
| | | ဦးစိုင်းသီဟဝင်း | ပြည်သူ့ပါတီ | ၂၈၂၆၃ | ၄၄၃ | ၂၈၇၀၆ | ၂၅.၃၅% |
| | | ဦးတင်ကိုကို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၇၁၁ | ၂၂၇ | ၁၁၉၃၈ | ၁၀.၅၅% |

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၉၂၃၀၁ / ၆ = ၄၈၇၁၆

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက်စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၂၉၂၃၀၁ | ၃ | | ၃ | ၆ |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၂၂၂၈ | ၂ | ၃၄၇၉၆ | ၁ | ၃ |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၉၈၈၈ | ၁ | ၄၁၁၇၂ | ၁ | ၂ |
| | | ၃။ | ပြည်သူ့ပါတီ | ၄၄၀၅၃ | - | ၄၄၀၅၃ | ၁ | ၁ |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၆၁၃၂ | - | ၂၆၁၃၂ | - | - |

ရှင်းလင်းချက် ။ ( ၁ ) ၉-၁-၂၀၁၆ ရက်နေ့နှင့် ၁၈-၁-၂၀၁၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ် (၁)၊ (၄)၊ (၆)နှင့် ၂၉-၁-၂၀၁၆ ရက်စွဲပါကြေညာချက်(၂၅/၂၀၁၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒနယ်အမှတ်(၂)၊ (၃)၊ (၅)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

စာမျက်နှာ ၁၄ သို့ ✻

* စာမျက်နှာ ၁၃ မှ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲအရေအတွက် | ကြိုတင်မဲအရေအတွက် | ခိုင်လုံမဲစုစုပေါင်း | ခိုင်လုံမဲရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ပဲခူးတိုင်းဒေသကြီး | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | | | ၁၈၈၂၂၄ | ၃၇၄၀၈ | ၂၂၅၆၃၂ | |
| | | ဦးအောင်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၀၄၆၀ | ၂၀၂၄၉ | ၉၀၇၀၉ | ၄၀.၂၀% |
| | | ဦးသန်းနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၀၇၉၃ | ၉၂၄၄ | ၅၀၀၃၇ | ၂၂.၁၈% |
| | | ဦးဇာလု | ပြည်သူ့ပါတီ | ၂၅၃၆၁ | ၂၁၃၉ | ၂၇၅၀၀ | ၁၂.၁၉% |
| | | ဦးခင်ဇော်မင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၉၁၄၂ | ၂၄၈၇ | ၂၁၆၂၉ | ၉.၅၈% |
| | | ဦးသူရိန်ဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၇၂၅၄ | ၁၁၅၈ | ၁၈၄၁၂ | ၈.၁၆% |
| | | ဒေါ်သော်တာဖြိုး | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၁၅၂၁၄ | ၂၁၃၁ | ၁၇၃၄၅ | ၇.၆၉% |
| ၂ | မဲဆန္ဒနယ်အမှတ်(၂) | | | ၁၆၉၉၅၈ | ၅၇၃၁၂ | ၂၂၇၂၇၀ | |
| | | ဒေါ်နီနီမာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၃၈၂၆ | ၃၉၅၈၈ | ၁၀၃၄၁၄ | ၄၅.၅၀% |
| | | ဦးဟန်ဖြိုးပိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၄၀၃၂ | ၅၀၆၄ | ၂၉၀၉၆ | ၁၂.၈၀% |
| | | ဦးဝေဟိန်းအောင် | ပြည်သူ့ပါတီ | ၂၂၃၁၉ | ၃၅၂၂ | ၂၅၈၄၁ | ၁၁.၃၇% |
| | | ဦးခိုင်စိုးလင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၉၂၆၈ | ၂၃၇၇ | ၂၁၆၄၅ | ၉.၄၄% |
| | | ဦးသိန်းဆွေ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇၀၃၅ | ၂၅၉၂ | ၁၉၆၂၇ | ၈.၆၄% |
| | | ဦးစိုးနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၂၉၆ | ၂၉၂၅ | ၁၅၂၂၁ | ၆.၇၀% |
| | | ဦးမြင့်သိန်း | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၁၁၁၈၂ | ၁၄၄၄ | ၁၂၆၂၆ | ၅.၅၅% |
| ၃ | မဲဆန္ဒနယ်အမှတ်(၃) | | | ၁၅၉၁၆၇ | ၁၈၀၃၅ | ၁၇၇၂၀၂ | |
| | | ဒေါ်ထားထားနု | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၈၆၁၅ | ၁၂၂၉၈ | ၈၀၉၁၃ | ၄၅.၆၆% |
| | | ဦးအေးကို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၃၇၄ | ၁၃၈၈ | ၂၁၇၆၂ | ၁၂.၂၈% |
| | | ဦးကျော်ဇေယျ | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၂၀၆၅၇ | ၉၇၅ | ၂၁၆၃၂ | ၁၂.၂၁% |
| | | ဦးသူရထိုက်အောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၃၇၆၄ | ၁၀၇၃ | ၁၄၈၃၇ | ၈.၃၇% |
| | | ဦးအောင်ဆန်းလွင် | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | ၁၃၄၂၅ | ၁၁၂၈ | ၁၄၅၅၃ | ၈.၂၁% |
| | | ဦးဘိုအေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၄၄၄ | ၇၅၉ | ၁၂၂၀၃ | ၆.၈၉% |
| | | ဦးအောင်ကိုမင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၈၈၈ | ၄၁၄ | ၁၁၃၀၂ | ၆.၃၈% |
| ၄ | မဲဆန္ဒနယ်အမှတ်(၄) | | | ၃၂၆၃၃၀ | ၅၀၃၆၉ | ၃၇၆၆၉၉ | |
| | | ဦးရဲမြင့်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၂၀၀၂ | ၄၀၇၀၈ | ၁၈၂၇၁၀ | ၄၈.၅၀% |
| | | ဒေါ်မိုးသူဇာ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၀၁၈၇ | ၃၄၇၇ | ၅၃၆၆၄ | ၁၄.၂၅% |
| | | ဦးထွန်းဝင်း | ပြည်သူ့ပါတီ | ၃၄၉၆၅ | ၁၂၃၆ | ၃၆၂၀၁ | ၉.၆၁% |
| | | ဒေါ်ဇင်မီမီကျော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၃၅၅၁ | ၁၈၁၂ | ၃၅၃၆၃ | ၉.၃၉% |
| | | ဦးထွန်းလှရွှေ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၈၇၅ | ၁၁၈၉ | ၂၉၀၆၄ | ၇.၇၂% |
| | | ဒေါ်မြင့်ကြူရွှေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၀၆၈၂ | ၁၀၆၈ | ၂၁၇၅၀ | ၅.၇၇% |
| | | ဦးအောင်ရွှေး | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၁၇၀၆၈ | ၈၇၉ | ၁၇၉၄၇ | ၄.၇၆% |
| ၅ | မဲဆန္ဒနယ်အမှတ်(၆) | | | ၂၆၇၉၃၅ | ၃၈၆၉၅ | ၃၀၆၆၃၀ | |
| | | ဦးကျော်ဝင်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၇၉၈၇ | ၂၃၂၈၀ | ၁၃၁၂၆၇ | ၄၂.၈၁% |
| | | ဦးခင်မောင်စိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၁၃၃၉ | ၅၈၀၄ | ၆၇၁၄၃ | ၂၁.၉၀% |
| | | ဦးကျော်စွာဝင်း | ပြည်သူ့ပါတီ | ၃၇၇၂၀ | ၂၈၅၄ | ၄၀၅၇၄ | ၁၃.၂၃% |
| | | ဦးအောင်ကျော်မိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၂၅၇၆ | ၂၉၂၆ | ၃၅၅၀၂ | ၁၁.၅၈% |
| | | ဦးစိုးမြင့်ဦး | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၂၈၃၃၃ | ၃၈၃၁ | ၃၂၁၆၄ | ၁၀.၄၈% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)
## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၇၄၀၉၂၄ / ၃ = ၂၄၆၉၇၄

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသောကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ပဲခူးတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၇၄၀၉၂၄ | ၁ | | ၂ | ၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၁၁၉၉ | ၁ | ၈၄၂၂၅ | ၁ | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၆၄၆၂ | - | ၁၂၆၄၆၂ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၈၂၅၄ | - | ၇၈၂၅၄ | - | - | |
| | | ၄။ | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၆၉၅၉၆ | - | ၆၉၅၉၆ | - | - | |
| | | ၅။ | ပြည်သူ့ပါတီ | ၅၇၈၀၈ | - | ၅၇၈၀၈ | - | - | |
| | | ၆။ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | ၃၅၃၁၄ | - | ၃၅၃၁၄ | - | - | |
| | | ၇။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၀၀၈၈ | - | ၃၀၀၈၈ | - | - | |
| | | ၈။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၂၂၀၃ | - | ၁၂၂၀၃ | - | - | |

ရှင်းလင်းချက်။ (၁) ၁၈-၁-၂၀၂၆ ရက်နေ့ထုတ်သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ပဲခူးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၅)နှင့် ၂၉-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၅/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒနယ်အမှတ်(၃)၊ (၆)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကို ပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့်ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

စာမျက်နှာ ၁၅ သို့ *

# လက်ပံတန်းမြို့နယ်၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှုပိုမိုမြင့်မားစေရေး အသိပညာပေးဆွေးနွေး

**လက်ပံတန်း ဇန်နဝါရီ ၂၉**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် ကာကွယ်ဆေးထိုး လွှမ်းခြုံမှုပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှုအားနည်းသည့် ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမို ဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်းက ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ လက်ပံတန်းမြို့နယ်အတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၈ ခုက ကျေးရွာအုပ်စု ၅၃ အုပ်စုသို့ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှုပိုမိုမြင့်မားစေရေး အသိပညာပေးဆွေးနွေးခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

* စာမျက်နှာ ၁၄ မှ

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၈၂၉၆၀၁ / ၃ = ၂၇၆၅၃၃

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ပဲခူးတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၈၂၉၆၀၁ | ၁ | | ၂ | ၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၇၆၈၃၃ | ၁ | ၁၀၀၃၀၀ | ၁ | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၂၇၉၇ | - | ၁၃၂၇၉၇ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ပါတီ | ၈၉၅၄၂ | - | ၈၉၅၄၂ | - | - | |
| | | ၄။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၆၆၁၉ | - | ၇၆၆၁၉ | - | - | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၈၉၂၀ | - | ၆၈၉၂၀ | - | - | |
| | | ၆။ | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၄၇၉၁၈ | - | ၄၇၉၁၈ | - | - | |
| | | ၇။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၆၉၇၁ | - | ၃၆၉၇၁ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ပဲခူးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၁)၊ (၂)နှင့် (၄)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှု စာရင်းများကို ပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၂၅/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | မန္တလေးတိုင်းဒေသကြီး | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | | | ၃၄၈၁၁၆ | ၁၇၇၇၁ | ၃၆၅၈၈၇ | |
| | | ဦးခင်မောင်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၇၂၄၁ | ၁၄၁၁၆ | ၁၇၁၃၅၇ | ၄၆.၈၃% |
| | | ဒေါ်သွယ်သွယ်လှိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၅၆၈၅ | ၁၂၉၈ | ၅၆၉၈၃ | ၁၅.၅၈% |
| | | ဦးထွန်းထွန်းဝင်း | ပြည်သူ့ပါတီ | ၄၄၀၂၄ | ၆၄၁ | ၄၄၆၆၅ | ၁၂.၂၁% |
| | | ဒေါ်ခင်ဆွေထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၃၃၈၅ | ၈၂၄ | ၃၄၂၀၉ | ၉.၃၇% |
| | | ဦးအောင်နိုင်ထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၀၁၄၁ | ၂၉၈ | ၃၀၄၃၉ | ၈.၃၂% |
| | | ဒေါ်အိအိလွင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၇၆၄၀ | ၅၉၄ | ၂၈၂၃၄ | ၇.၇၁% |
| ၂ | မဲဆန္ဒနယ်အမှတ်(၂) | | | ၁၈၆၆၉၅ | ၁၆၁၉၇ | ၂၀၂၈၉၂ | |
| | | ဦးဗိုလ်သိန်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၃၉၉၀ | ၁၁၉၄၅ | ၉၅၉၃၅ | ၄၇.၂၉% |
| | | ဦးစိန်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၂၁၃ | ၂၈၅၄ | ၆၆၀၆၇ | ၃၂.၅၆% |
| | | ဦးအောင်မြင့်ဖိုးလ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၉၄၉၂ | ၁၃၉၈ | ၄၀၈၉၀ | ၂၀.၁၅% |
| ၃ | မဲဆန္ဒနယ်အမှတ်(၃) | | | ၃၂၃၅၆၈ | ၃၁၅၅၈ | ၃၅၅၁၂၆ | |
| | | ဦးဟိန်းမင်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၂၄၈၉ | ၂၄၈၀၆ | ၁၅၇၂၉၅ | ၄၄.၂၉% |
| | | ဒေါက်တာမြင့်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၂၉၈၇ | ၂၈၅၄ | ၆၅၈၄၁ | ၁၈.၅၄% |
| | | ဦးဟိန်းထူးလှိုင် | ပြည်သူ့ပါတီ | ၃၆၀၂၂ | ၈၁၀ | ၃၆၈၃၂ | ၁၀.၃၇% |
| | | ဦးဇော်သီဟ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၄၇၉၇ | ၈၁၃ | ၃၅၆၁၀ | ၁၀.၀၃% |
| | | ဦးအောင်ဇေယျာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၉၄၉ | ၁၄၆၈ | ၃၂၄၁၇ | ၉.၁၃% |
| | | ဦးတင်အောင်မိုး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၆၃၂၄ | ၈၀၇ | ၂၇၁၃၁ | ၇.၆၄% |
| ၄ | မဲဆန္ဒနယ်အမှတ်(၄) | | | ၃၇၅၉၁၀ | ၃၃၈၂၉ | ၄၀၉၇၃၉ | |
| | | ဦးဝင်းဖေမောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၄၃၉၈ | ၂၃၀၇၄ | ၁၅၇၄၇၂ | ၃၈.၄၃% |
| | | ဦးကျော်မျိုးရွှေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၀၀၁၆ | ၃၇၅၂ | ၇၃၇၆၈ | ၁၈.၀၀% |
| | | ဦးမောင်မောင်လတ် | ပြည်သူ့ပါတီ | ၅၆၇၈၈ | ၁၉၈၀ | ၅၈၇၆၈ | ၁၄.၃၄% |
| | | ဒေါက်တာသံလွင်ထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၄၅၇၆ | ၂၂၀၄ | ၄၆၇၈၀ | ၁၁.၄၂% |
| | | ဦးသန်းဇော်ထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၆၆၆၈ | ၁၄၉၈ | ၃၈၁၆၆ | ၉.၃၂% |
| | | ဦးမြင့်ထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၃၄၆၄ | ၁၃၂၁ | ၃၄၇၈၅ | ၈.၄၉% |
| ၅ | မဲဆန္ဒနယ်အမှတ်(၅) | | | ၅၆၂၇၀၆ | ၄၀၅၃၈ | ၆၀၃၂၄၄ | |
| | | ဦးမောင်မောင်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၄၂၆၁ | ၃၀၂၁၈ | ၂၉၄၄၇၉ | ၄၈.၈၁% |
| | | ဦးကျော်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၉၈၉၃၇ | ၃၅၄၅ | ၁၀၂၄၈၂ | ၁၆.၉၉% |
| | | ဦးဇော်မိုးအောင် | ပြည်သူ့ပါတီ | ၅၉၉၇၅ | ၁၆၆၇ | ၆၁၆၄၂ | ၁၀.၂၂% |
| | | ဒေါ်ငယ်ဦးမွန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၉၈၀၄ | ၂၀၆၀ | ၅၁၈၆၄ | ၈.၆၀% |
| | | ဒေါ်မြတ်ဆုမွန် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၈၇၁၄ | ၂၀၇၆ | ၅၀၇၉၀ | ၈.၄၂% |
| | | ဦးအောင်ကျော်မိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၁၀၁၅ | ၉၇၂ | ၄၁၉၈၇ | ၆.၉၆% |

စာမျက်နှာ ၁၆ သို့ *

* စာမျက်နှာ ၁၅ မှ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၅၆၈၇၇၉ / ၂ = ၂၈၄၃၈၉

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | မန္တလေးတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၅၆၈၇၇၉ | | | ၂ | ၂ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၇၂၈၂ | - | ၂၆၇၂၈၂ | ၁ | ၁ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၃၀၅၀ | - | ၁၂၃၀၅၀ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၅၀၉၉ | - | ၇၅၀၉၉ | - | - | |
| | | ၄။ | ပြည်သူ့ပါတီ | ၄၄၆၆၅ | - | ၄၄၆၆၅ | - | - | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၀၄၃၉ | - | ၃၀၄၃၉ | - | - | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၂၃၄ | - | ၂၈၂၃၄ | - | - | |

ရှင်းလင်းချက်။ (၁) မန္တလေးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၁)နှင့် (၂)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှု စာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏၂၉-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၂၅/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၇၆၄၈၆၅ / ၂ = ၃၈၂၄၃၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက်စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | မန္တလေးတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၇၆၄၈၆၅ | | | ၂ | ၂ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၄၇၆၇ | - | ၃၁၄၇၆၇ | ၁ | ၁ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၉၆၀၉ | - | ၁၃၉၆၀၉ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ပါတီ | ၉၅၆၀၀ | - | ၉၅၆၀၀ | - | - | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၉၁၉၇ | - | ၇၉၁၉၇ | - | - | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၀၃၉၅ | - | ၇၀၃၉၅ | - | - | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၅၂၉၇ | - | ၆၅၂၉၇ | - | - | |

ရှင်းလင်းချက်။ (၁) မန္တလေးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၃)နှင့် (၄)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှု စာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၉-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၂၅/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၁၈၃၆၂၉ / ၂ = ၅၉၁၈၁၄

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက်စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | မန္တလေးတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၁၁၈၃၆၂၉ | ၁ | | ၁ | ၂ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၉၈၄၈၈ | ၁ | ၆၆၇၄ | - | ၁ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၁၁၉၆ | - | ၁၈၁၁၉၆ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ပါတီ | ၁၁၂၀၄၃ | - | ၁၁၂၀၄၃ | - | - | |
| | | ၄။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၄၅၃၂ | - | ၉၄၅၃၂ | - | - | |
| | | ၅။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၃၅၂၇ | - | ၉၃၅၂၇ | - | - | |
| | | ၆။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၂၄၃၃ | - | ၇၂၄၃၃ | - | - | |
| | | ၇။ | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၃၁၃၁၀ | - | ၃၁၃၁၀ | - | - | |

ရှင်းလင်းချက်။ (၁) ၉-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၆)နှင့် ၂၉-၁-၂၀၂၆ ရက်စွဲပါကြေညာချက် (၂၅ /၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒနယ်အမှတ်(၅)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကို ပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# မြစ်ကြီးနားမြို့တွင် ရေဝတီ မြစ်ဆုံ-မြစ်ညှာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပ



မြစ်ကြီးနား ဇန်နဝါရီ ၂၉

ရေဝတီ မြစ်ဆုံ-မြစ်ညှာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ ကချင်ပြည်နယ် ဒေသခံကော်မတီအဖွဲ့ဝင်များ၊ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ ပညာရှင်များနှင့် လီဆူ တိုင်းရင်းသားမျိုးနွယ်စုများ၊ ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ ရွှေပြည်သာရပ်ကွက် လီဆူရိုးရာယဉ်ကျေးမှုကွင်း ခန်းမဆောင်၌ ကျင်းပသည်။

**ပြောကြား**

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အဓိကကျသည့် စွမ်းအင်လိုအပ်ချက်၊ စွမ်းအင်ရရှိမှုဆိုင်ရာ စီမံကိန်းများနှင့်စပ်လျဉ်းပြီး ရေဝတီ မြစ်ဆုံ-မြစ်ညှာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ သိသင့်သိထိုက်သည်များကို ပညာရှင်များက ရှင်းလင်းဆွေးနွေး ပေးသွားမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် ဟောပြောဆွေးနွေးချက်များအပေါ် ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးပေးကြစေလိုကြောင်းနှင့် ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အားလုံးလက်တွဲ၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင် လျှော်နှင့် အင်ဂျင်နီယာဘူမိဗေဒပညာရှင် ဒေါက်တာအေးလွင်က လျှော်လှုပ်ခတ်မှုဆိုင်ရာ အခြေခံသဘောတရားများနှင့် ရေလှောင်တမံ တည်ဆောက်မှုဆိုင်ရာ ပုံစံများအကြောင်း သိကောင်းစရာများ၊ ရေအားလျှပ်စစ်ဒီဇိုင်းပညာရှင် ဒေါ်မြကြေးမုံက ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲမှုနှင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ ကမ္ဘာ့နိုင်ငံကြီးများမှ ရေအားလျှပ်စစ် စီမံကိန်းကြီးများ၏ အကြောင်းအရာများ၊ မြစ်ကြောင်းထိန်းသိမ်းရေးပညာရှင် ဦးဇော်လွင်က ရေဝတီမြစ်နှင့်စပ်လျဉ်း၍ မြစ်ကြောင်းဖြစ်ပေါ်မှု အခြေအနေများ၊ ထိန်းသိမ်းဆောင်ရွက်နိုင်သည့် နည်းလမ်းများ၊ ရေအရင်းအမြစ် စီမံခန့်ခွဲမှု ပညာရှင် ဦးဟိန်းထက်က မြစ်များဖြစ်ပေါ်လာမှု၊ တမံများတည်ဆောက်ခြင်း၊ စွမ်းအင်ရရှိမှု၊ နည်းပညာနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသည့် လီဆူတိုင်းရင်းသားများ၊ ဘာသာရေးဆရာများ၏ အမြင်သဘောထားများ၊ မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ကချင်ပြည်နယ် ဒေသခံကော်မတီအဖွဲ့ဝင်များ၊ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့မှ ပညာရှင်များ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြစ်ကြီးနားမြို့နယ်အတွင်းရှိ လီဆူမျိုးနွယ်စုဝင် ဘာသာရေးဆရာများ၊ မျိုးနွယ်စုခေါင်းဆောင်များ၊ လူငယ်အဖွဲ့အစည်းများနှင့် ဒေသခံများ စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြဝတီခရိုင်စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်း စည်းဝေး



မြဝတီ ဇန်နဝါရီ ၂၉

ကရင်ပြည်နယ် မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ယမန်နေ့ မွန်းလွဲပိုင်းက မြဝတီခရိုင် စားသုံးသူရေးရာကော်မတီ (၁/၂၀၂၆) အစည်းအဝေးကို ကျင်းပသည်။

ဦးစွာ မြဝတီခရိုင် စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်စားသုံးသူရေးရာကော်မတီအတွင်းရေးမှူး၊ စားသုံးသူ ရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဝင်းနိုင်က စားသုံးသူရေးရာကော်မတီ အစည်းအဝေး (၁/၂၀၂၅) ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စားသုံးသူ ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများအား ဌာနဆိုင်ရာ ကော်မတီဝင်များနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ စားသုံးသူအငြင်းပွားမှု၊ ဖြေရှင်းချက်နှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းဆောင်ရွက်မှု အခြေအနေများ၊ အွန်လိုင်းလိမ်လည်ရောင်းဝယ်မှုနှင့်စပ်လျဉ်း၍ အသိပညာပေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ပြီးတက်ရောက်လာသည့် စားသုံးသူရေးရာ ကော်မတီဝင်များက မြဝတီမြို့အတွင်း အွန်လိုင်းလိမ်လည် ရောင်းဝယ်မှုနှင့်စပ်လျဉ်း၍ အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ မှတ်ပုံတင်နိုင်ရန် ကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်ပြီး ခရိုင်စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက စားသုံးသူ ကာကွယ်နိုင်ရေး အသိပညာပေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အွန်လိုင်းလိမ်လည်ရောင်းဝယ်မှုကို ဟန့်တားနိုင်စေရေးအတွက် ဆောင်ရွက်ရန် လိုအပ်သည့် အချက်များကို မှာကြားဆွေးနွေးခဲ့ကြောင်း သိရသည်။**ဆောင်းနှင်းဖြူ (ပြန်/ဆက်)**



# ပခုက္ကူမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

ပခုက္ကူ ဇန်နဝါရီ ၂၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ (၂၄)ကြိမ်မြောက် သူနာပြု-သားဖွားဒီပလိုမာသင်တန်းသား သင်တန်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပခုက္ကူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝေဝေဦးက မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ပခုက္ကူမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်နိုင်နိုင်အေးက သင်တန်းကျောင်းသမိုင်းကြောင်းနှင့်သင်တန်းစည်းမျဉ်းစည်းကမ်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းသူများက တေးသီချင်းအကများဖြင့် ကပြဖျော်ဖြေကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ပခုက္ကူမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၌ ၂၀၂၆ ခုနှစ် ပညာသင်နှစ်တွင် ပထမနှစ် ၄၈ဦး၊ ဒုတိယနှစ် ၄၅ ဦး၊ တတိယနှစ် (Junior) ၄၉ဦး၊ တတိယနှစ်(Senior) ၄၆ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၈၈ဦး တက်ရောက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အမျိုးသမီးများဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု အသိပညာပေး

ရန်ကုန် ဇန်နဝါရီ ၂၉

လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူး၍ ဆယ်ကျော်သက်များအား မျိုးပွား ကျန်းမာရေး၊ ကိုယ်ဝန်ဆောင်ခြင်း၏ အကျိုးဆက်များနှင့် ပျို့ရွယ်သူများအား အရေးပေါ်သန္ဓေတားဆေးနှင့်ပတ်သက်၍ မှန်ကန်သော အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၁၂)ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဦးစီးဌာနမှူးက အမျိုးသမီးများ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# အင်ပူမြို့နယ်၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး ဆွေးနွေး

အင်ပူ ဇန်နဝါရီ ၂၉

ကာကွယ်ဆေး လွှမ်းခြုံမှုအားနည်းသည့်ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး အင်ပူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအေးပပစိုးရီက ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကာ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းဆိုင်ရာမှတ်တမ်း Video Clip ကို ပြသသည်။

အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန္တာငွေးနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မန်းကျော် (ပြန်/ဆက်)**

## အမြတ်ဝေစု ထုတ်ယူရန် ကြေညာခြင်း

၁။ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ (၂၀၂၄-၂၅) ဘဏ္ဍာနှစ်အတွက် အစုပေါ်အမြတ်ဝေစု (ထည့်ဝင်ပြီးအစု အရင်းငွေအပေါ် တစ်နှစ်လျှင် (၃၀) ရာခိုင်နှုန်း)ကို သစ်တောဖက်စပ်(ရုံးချုပ်) အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တွင် ရုံးချိန်အတွင်း ထုတ်ယူရန်ဖြစ်ပါသည်။

၂။ (၉-၂-၂၀၂၆)နေ့မှစတင်၍ (၂၀၂၄-၂၅)ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုများ ထုတ်ပေးမည်ဖြစ်ပါ၍ ထုတ်ယူမည့် အစုရှယ်ယာရှင်များသည် အစုရှယ်ယာလက်မှတ်(မူရင်း)၊ မိမိတို့၏ အမျိုးသားမှတ်ပုံတင်(သို့)နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း+မိတ္တူ) ကို တစ်ပါတည်းယူဆောင်လာကြရန်နှင့် ကိုယ်တိုင်မထုတ်ယူနိုင်ပါက ရှယ်ယာရှင်၏နိုင်ငံသားစိစစ်ရေးကတ် (မူရင်း+မိတ္တူ)နှင့် ကိုယ်စားထုတ်ယူမည့်သူ၏ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း+မိတ္တူ) ယူဆောင်လာ၍ ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူနိုင်ပါသည်။

၃။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အနေဖြင့် အမြတ်ဝေစု ထုတ်ပေးရာတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ထုတ်ပေးသွားပါမည်-

ကုမ္ပဏီအဖွဲ့အစည်းများအား အမြတ်ဝေစု ထုတ်ပေးခြင်း - ချက်လက်မှတ်
အစုရှယ်ယာရှင်များအား အမြတ်ဝေစုထုတ်ပေးခြင်း - ငွေသား

၄။ အစုရှယ်ယာရှင်လက်မှတ်(၁)ခုထက်ပို၍ ပိုင်ဆိုင်သော ရှယ်ယာရှင်များအနေဖြင့် တစ်ကြိမ်တည်းပေါင်း၍ အစုရှယ်ယာအမြတ်ငွေများ ထုတ်ယူရန် ဖြစ်ပါသည်။

၅။ ကုမ္ပဏီ/အဖွဲ့အစည်းအနေဖြင့် ဝယ်ယူထားသည့် အစုရှယ်ယာရှင်များသည် ကုမ္ပဏီ/အဖွဲ့အစည်း၏ ခေါင်းစီးဖြင့် တရားဝင်တောင်းခံလွှာ၊ ကိုယ်စားလှယ်လွှဲအပ်စာနှင့်အတူ ကုမ္ပဏီမှတ်ပုံတင် မိတ္တူ ဒါရိုက်တာစာရင်း(Company Extract) မိတ္တူ တင်ပြ၍ အစုပေါ်အမြတ်ငွေ ထုတ်ယူရန် ဖြစ်ပါသည်။

၆။ ယခင်ကာလများအတွက် အစုပေါ်အမြတ်ဝေစု မထုတ်ယူဖြစ်သော အစုရှယ်ယာရှင်များသည် သစ်တောဖက်စပ်(ရုံးချုပ်) ဖုန်း-၀၁-၉၀၁၀၇၃၄၊ ၉၀၁၀၇၃၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ အမြတ်ဝေစု ထုတ်ယူနိုင်ပါသည်။

၇။ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် အဆက်အသွယ် ပြတ်တောက်လျက်ရှိသော (ကင်းကွာ)အစုရှယ်ယာရှင်များ အနေဖြင့် သစ်တောထွက်ဖက်စပ်သို့ အမြန်ဆုံးပြန်လည် ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာ**

## ဓမ္မေသကစာသင်တိုက်နှင့်သဗ္ဗညုပုထိုးတော်ကြီး (ရန်ကုန်) အလှူရှင်များအား ဖိတ်ခေါ်ခြင်း



ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်း တောင်ပိုင်းသုခလမ်းနှင့် ဓမ္မပါလလမ်းတွင် တည်ရှိသော တန်ခိုးကြီး သဗ္ဗညုပုထိုးတော်ကြီး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဓမ္မေသကစာသင်တိုက်နှင့် သဗ္ဗညုပုထိုးတော်ကြီးကို တည်ထားကိုးကွယ်တော်မူခဲ့သော အဘွားလေး ဒေါ်ဓမ္မေသီ၏ တပည့်ဒါယကာ၊ ဒါယိကာမများဖြစ်ကြသော သဗ္ဗညုဂေါပကအဖွဲ့နှင့် ဒေါက်တာဒေါ်ပညာသိရီ - သာသနဓဇဓမ္မာစရိယ၊ Ph.D၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ ပြည်တွင်းပြည်ပသာသနာပြု၏ အောက်ပါလုပ်ငန်းစဉ်များကို ဆက်လက်၍ ဘုရားကြီးတည်လျက်ရှိပါကြောင်း ကုသိုလ်ရှင်များ ကောင်းမှုဖြင့်-

၁၁။ ရှေးဟောင်းမြတ်စွာ ဘုရားရှင်များ ကျောင်းဆောင်တော်မြတ်သုံးဆင့်ကိန်းဝပ် စံပယ်ပူဇော်တော်ခံလျက်ရှိပါသည်။
ပထမအဆင့်(၂ပေ)မြတ်စွာဘုရားရှင်တစ်ဆူကို ကျပ် (၁၅)သိန်း၊
ဒုတိယအဆင့် (၃ပေ၆လက်မ)မြတ်စွာဘုရားရှင်တစ်ဆူကို ကျပ်(၃၀)သိန်း၊
တတိယအဆင့် (၄ပေ၅လက်မ)မြတ်စွာဘုရားရှင် တစ်ဆူကို ကျပ် (၄၅)သိန်း ကမ္ပည်းထိုး၍ လှူဒါန်းရန်၊

၁၂။ သဗ္ဗညုပုထိုးတော်ကြီး၏အတွင်းပိုင်းတွင် မပြီးသေးသော အချောသတ်လုပ်ငန်းများစွာ ကျန်ရှိနေပါသေးသည်၊ အတွင်းပိုင်းတွင် နိဗ္ဗာန်ရည်မှန်း၍ ဂင်္ဂါဝါဠုသဲစုမက ပွင့်ထွန်းတော်မူကြကုန်သော ရှေးဟောင်းမြတ်စွာဘုရားရှင်များ ငါးသိန်းတစ်သောင်းနှစ်ထောင်နှစ်ကျိပ်ရှစ်ဆူနိဗ္ဗူဇိနေ၊ သီတင်းသုံးပူဇော်တော်ခံမည်ဖြစ်ပါသည်။ ရှေးပုဂံခေတ်မြန်မာကြီးများသည် သာသနာ ထွန်းကားပြန့်ပွားခဲ့သည့် အစဉ်အလာ လူတိုင်း ဘုရားတည်နိုင်ခွင့်ရရှိခဲ့ပါသည်။ ယခုခေတ်အခါ လူတိုင်းဘုရားတည် ကုသိုလ်ယူနိုင်ကြပါသည်။ ဘုရားရှင်အမှတ်(------)ဖြင့် တစ်ဆူကို ကျပ် (၁)သိန်း (၅)သောင်း၊ ကမ္ပည်းထိုး၍ လှူဒါန်းရန်၊

ကုသိုလ်ရှင်များအား (၆ ရက်၊ ဖေဖော်ဝါရီလ ၂၀၂၆ ခုနှစ်)နေ့ နံနက် (၉)နာရီတွင် အလှူတော်ငွေပေးအပ်ပွဲ၊ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းနှင့် ကုသိုလ်ကောင်းမှု အစုစုတို့ကို ရေစက်သွန်းချအမျှဝေကြပြီး ကြွရောက်လာကြကုန်သော ကုသိုလ်ရှင်အားလုံးကို သဗ္ဗညုပုထိုးတော်ကြီး၏ တောင်ဘက် Royal Palace ခန်းမဆောင်ကြီးအတွင်းတွင် နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ပါသောကြောင့် ကိုယ်တိုင်ကြွရောက် ကိုယ်ပိုင်ကုသိုလ်ကို ရွေးချယ်မှတ်တမ်းတင် ကမ္ပည်းထိုးလှူဒါန်းကြရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။ (ကိုယ်တိုင် ကြွရောက်လာကြ ကုန်သော ကုသိုလ်ရှင်များအား ကာလဒါန-ထမနဲ (ပါဆယ်)ချီးမြှင့်ပေးပါမည်။)

ဆက်သွယ်နိုင်သော -ဒေါက်တာ ဒေါ်ပညာသိရီဖုန်းနံပါတ် - 09 450046290, 09 452202011, +1 6266447146 ရုံးဖုန်းနံပါတ် - 09 426893640/ Viber # 09 450046290, +1 6266447146, KPay # 09 450046290, Daw Pinnya Siri, Wave Money # 09450046290,Shin Pinnya Siri, မရမ်းကုန်းကမ္ဘောဇဘဏ် - PINNYA SIRI -KBZ Bank, New Account No. 2345110700085501, Facebook : သဗ္ဗညုပုထိုးတော်ကြီး (ရန်ကုန်)

## ကန့်ကွက်ကြော်ငြာချက်

၁။ မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကော့ထင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၂၅-က)၊ ကွင်းအမည် (ကံနီအရှေ့ကွင်း)၊ မြေကွက်အမှတ် (၈၂၃၊ ၈၂၄၊ ၈၂၅၊ ၁၀၃၆၊ ၁၀၃၇၊ ၁၀၄၈၊ ၁၀၄၉၊ ၁၀၅၀)၊ မြေဧရိယာ(၀.၀၅၅+၀.၀၅၅+၀.၀၅၅+၀.၀၅၅+၀.၀၅၅+၀.၀၅၅+၀.၀၅၅ + ၀.၀၅၅)ဧက၊ စုစုပေါင်း မြေဧရိယာ (၀.၄၄၀)ဧကရှိ မြေနေရာအား လူနေထိုင်ရန်အတွက် နှစ် (၃၀) မြေငှားဂရန် ချထားပေးပါရန် ကျိုက်ထိုမြို့၊ ကော့စံနိုင်ရပ်ကွက်၊ အေးရိပ်ငြိမ် (၁၃)လမ်းနေ ဒေါ်တင်ဇာခိုင် [၁၀/ကထန(နိုင်)၁၃၈၄၃၉]မှ အောက်ဖော်ပြပါ အလားလေးရပ်အတွင်း လျှောက်ထားမှုဖြစ်ပါသည် -

(က) အရှေ့ဘက် = ဒေါ်ခင်ရွှေ အိမ်ခြံမြေ၊ ဦးသိန်းဇော် အိမ်ခြံမြေ
( ခ ) အနောက်ဘက် = ရန်ကုန် - မော်လမြိုင် ကားလမ်း
( ဂ ) တောင်ဘက် = အေးရိပ်ငြိမ် (၁၂)လမ်း (လမ်းမြေ)
(ဃ) မြောက်ဘက် = အေးရိပ်ငြိမ် (၁၃)လမ်း (လမ်းမြေ)

၂။ အထက်ပါ လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသည်များရှိပါက စာရွက်စာတမ်း အထောက်အထား ခိုင်မာစွာဖြင့် တင်ပြ၍ ယနေ့ကန့်ကွက်ကြော်ငြာစာ ထုတ်ပြန်ထားရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်ပြီး တင်ပြလာသည့် ကန့်ကွက်ချက်များအပေါ် လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျိုက်ထိုမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၃၃၈)၊ မြေဧရိယာ(၀.၀၈၂)ဧကရှိ ဦးတင်ဝင်း (ဘ) ဦးစိန်ထွန်း [၉/လဝန(နိုင်)၀၀၇၆၈၃] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးတင်ဝင်းမှ ဒေါ်ခိုင်ခိုင်ဌေး (ဘ) ဦးသာဦး [၇/ပခန (နိုင်) ၃၀၀၈၇၁]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ရန်အောင်ရပ်)၊ ဦးပိုင်အမှတ်(၄၄)၊ မြေဧရိယာ(၀.၀၆၀)ဧကရှိ ဦးမောင်မောင်(ဘ)ဦးခင်မောင် [၉/လဝန(နိုင်)၀၅၁၆၉၀] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဦးမောင်မောင်မှ မြေငှားစာချုပ် သက်တမ်းကုန်ဆုံးသွားပါသဖြင့် သက်တမ်းတိုးမြှင့်ပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်သက်တမ်း တိုးမြှင့်ပေးပါရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်-၁၆/၃ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/၃ ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်-၄၃၂ (ခ)ရှိ အလျား ၆၀ ပေ x အနံ ၂၀ ပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နှစ်ထပ်တိုက် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းတစ်ဦးတည်းသာ လက်ရှိလက်ဝယ်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ ဒေါ်ဆွေဇင်ထွေး (ဘ) ဦးလှရွှေ [၁၂/သဃက (နိုင်) ၀၃၇၅၂၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမင်းသက်ဇင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၇၄)**
**အမှတ်-၁၉၀၊ စိန်ပန်းမြိုင်လမ်း ၊ ၁၃၆-ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- 09251027511**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၁)၊ မြေကွက်အမှတ် (၁၀၆၀)၊ စွယ်တော်လမ်း၊ အကျယ်အဝန်း (ပေ၄၀x ပေ၆၀) ဧက(၀.၀၅၅)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသက်ဆွေဦး [၁၂/အလန(နိုင်)၀၃၄၄၁၉]မှ ပိုင်ရှင်ဖြစ်သူ ဒေါ်ဇာခြည်နွေး [၁၂/စခန(နိုင်) ၀၆၄၄၆၅] ထံသို့ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤသတင်းစာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် အောင်မြင်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဆွေစင်အိ(LL.B) (LL.M)** | **ဦးလင်းဘုန်းမြတ်(LL.B) (D.IP.L) (D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် - ၈၆၉၇)** | **(စဉ်-၁၇၃၈၁)** |

**အမှတ်(၃၈၈/၃၉၈)၊ (၄)လွှာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်။**
**ဖုန်း - ၀၉ - ၇၈၅၁၉၄၉၀၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ရန်အောင်ရပ်)၊ ဦးပိုင်အမှတ်(၄၃-ခ)၊ မြေဧရိယာ(၀.၀၅၃)ဧကရှိ ဦးမောင်မောင်(ဘ)ဦးခင်မောင် [၉/လဝန(နိုင်)၀၅၁၆၉၀]အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဦးမောင်မောင်မှ မြေငှားစာချုပ် သက်တမ်းကုန်ဆုံးသွားပါသဖြင့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်သက်တမ်း တိုးမြှင့်ပေးပါရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၆၆၀)၊ ဧရိယာ(၄၀ပေx၆၀ပေ)ရှိ ဒေါ်ချိုချိုမြင့်(ခ)ကြားဟွေ [၁၃/တကန(နိုင်)၁၉၂၆၀၇] အမည်ပေါက်လျက်ရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဦးဇော်ထူးအောင်[၁၂/ဒဂဆ(နိုင်)၁၉၉၈၁၉]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ထိုက်ဝေအောင် [၁၂/သကတ(နိုင်)၁၉၆၄၄၂]က အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါရှိသည့်နေ့မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက် ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသက်ပိုင်ကို (LL.B)** | **ဦးမင်းခန့်ကျော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၆၂)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၈၁၉)** |

**အမှတ် (၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ ၁၇-ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း ၀၉-၂၅၄၆၀၈၅၉၄၊ ၀၉-၄၀၄၀၈၀၄၃၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(မြောက်)၊ အနော်ရထာလမ်း၊ မြေကွက်အမှတ်(၁၂၄/ခ)၊ အကျယ်အဝန်း(အလျား၂၀ပေxအနံ၆၀ပေ)ရှိ ဦးဝင်းကျော် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် တစ်ထပ်အိမ်အပါအဝင် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော ဦးဝင်းကျော်[၁၄/ပသန(နိုင်)၀၀၆၉၆၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဒေါ်အေးမြသီတာ LL.B** | **ဒေါ်အေးသန္တာမင်းအောင် LL.B,D.B.L** |
| **(စဉ်-၁၁၉၀၁)** | **(စဉ်-၁၁၉၀၄)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၆၈)၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။ ၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၁၀၇၂၄၉၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် (၈၁၈/က)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဦးစိန်ရွှေမြ(Q/RGN-၀၁၁၁၁၆) အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေနှင့် ယင်းမြေကွက်ပေါ်ရှိအမှတ်(၈၁၈/က)၊ ဗိုလ်ဥတ္တမ(၂)လမ်း၊ ကမာကသွယ်ရပ်ကွက်၊ ဒလမြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိ စာချုပ်အဆက်စပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဦးနော်မန်[၁၂/မဂတ(နိုင်)၀၉၄၃၅၄]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သင်းစုမွန် (LL.B)** | **ဒေါ်ပိုးအိအိစံ (LL.B)(LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၂၁)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၅၀)** |

**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉၉**

❖ လူသားများ၏လုပ်ဆောင်မှုကြောင့် ရာသီဥတုပြောင်းလဲလာခြင်းဖြစ်သဖြင့် လူသားများကပင် ပြန်လည်ထိန်းသိမ်းဆောင်ရွက်ကြရန်လို...

❖ ထို့ကြောင့်သစ်တောသစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ပေးခြင်းများသည် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်ထိန်းချုပ်ပေးသည့် အခြေခံအကြောင်းအရာတစ်ခုဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မန္တလေး-လားရှိုးလမ်းပိုင်းရှိ ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ရှုခင်းကြည့် Sightseeing ရထားခရီးစဉ် ခရီးသည်စီးနင်းမှုများပြား

နေပြည်တော် ဇန်နဝါရီ ၂၉

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်တွင်းမှခရီးသွားလာမည့်ပြည်သူများ၊ နိုင်ငံခြားသားခရီးသွားများအား သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးကို လေ့လာကြည့်ရှုနိုင်ရန်နှင့် လမ်းခရီးရှိ ရေမြေတောတောင် သဘာဝရှုခင်းများ လေ့လာကြည့်ရှုနိုင်ရန် ဂုတ်ထိပ်(၁)ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်(၂)ဂုတ်ထိပ်-ပြင်ဦးလွင် ရှုခင်းကြည့် Sightseeing ရထားခရီးစဉ်ကို ဒီဇင်ဘာ ၁၉ ရက်မှစတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ပြေးဆွဲပေးလျက်ရှိသည်။



ထို့သို့ပြေးဆွဲခဲ့ရာ ယနေ့အထိ ပုံမှန်ရထားခရီးစဉ် ၁၃ ခေါက်ပြေးဆွဲပေးခဲ့ပြီး ခရီးသည် ၆၂၁ ဦး၊ Package ဖြင့် စင်းလုံးငှားရမ်းမှုတွင် ခရီးသည် ၂၄ ဦးလိုက်ပါစီးနင်းနိုင်သည့် RBE အထက်တန်းတွဲဖြင့် ခရီးစဉ် ရှစ်ကြိမ်နှင့် ခရီးသည် ၄၀ လိုက်ပါစီးနင်းနိုင်သည့် RBE ရိုးရိုးတန်းတွဲဖြင့် ခရီးစဉ် ခြောက်ကြိမ်ဖြစ်၍ ခရီးသည် ၄၃၂ ဦး၊ စင်းလုံးငှားရထားကြီးဖြင့် ပြေးဆွဲပေးမှုအနေဖြင့် ဇန်နဝါရီ ၁၂ ရက်နှင့် ၁၆ ရက်တို့တွင် ပြင်ဦးလွင်မြို့ရှိ Snow Queen ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၅၄၀၊ ဇန်နဝါရီ ၂၈ ရက်တွင် ရိုးရိုးတန်း ငါးတွဲဖြင့် ပြင်ဦးလွင်မြို့ရှိ မေမြို့ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၃၀၀ နှင့် ဇန်နဝါရီ ၂၉ ရက်တွင် ရိုးရိုးတန်း လေးတွဲနှင့် အထက်တန်း နှစ်တွဲဖြင့် ပြင်ဦးလွင်မြို့ အနီးစခန်းရှိ ပညာရွှေရောင်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၃၀၀ တို့ကို ပို့ဆောင်ပေးခဲ့ပြီး စတင်ပြေးဆွဲခဲ့သည့်အချိန်မှ ယနေ့ထိ ခရီးသည်စုစုပေါင်း ၂၁၉၃ ဦး လိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်-ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ခရီးသည် ၄၀ လိုက်ပါစီးနင်းနိုင်ပြီး ဂုတ်ထိပ်(၁) RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

## ယနေ့ကျင်းပမည့် ONE Friday Fights 140 ပြိုင်ပွဲတွင် သွေးလင်းထက်က Main Event၊ ဆွန်ရက်က Co-Main Event ထိုးသတ်ရမည်

နေပြည်တော် ဇန်နဝါရီ ၂၉

**ONE Friday Fights 140 ပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက် (ယနေ့) မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာဖိုက်တာနှစ်ဦးဖြစ်သည့် သွေးလင်းထက်က Main Event၊ ဆွန်ရက်က Co–Main Event ထိုးသတ်ရမည်ဖြစ်သည်။**



ONE Friday Fights 140 ပြိုင်ပွဲတွင် ပါဝင်ထိုးသတ်ကြမည့် ကစားသမားများကို တွေ့ရစဉ်။

ONE Championship အဖွဲ့အစည်းသည် မြန်မာဖိုက်တာများကို ဆက်တိုက်ပွဲထုတ်နေသလို Main Event ပွဲကို ပြိုင်ပွဲနှစ်ခုဆက်တိုက် ထိုးသတ်ခွင့်ပေးခြင်းဖြစ်သည်။ ပြီးခဲ့သည့်သောကြာနေ့ညက ကျင်းပသည့် ONE Friday Fights 139 ပြိုင်ပွဲတွင် မြန်မာဖိုက်တာလေးဦးအထိ ထိုးသတ်ခွင့်ရပြီး စိုးလင်းဦးက Main Event ထိုးသတ်ခဲ့သည်။ ယခုပြိုင်ပွဲတွင် သွေးလင်းထက်က Main Event အဖြစ် ထိုင်းဖိုက်တာ ကောင်ချိုင်း၊ ဆွန်ရက်က Co–Main Event အဖြစ် ထိုင်းဖိုက်တာ ဘူခေါင်အိုနှင့် ထိုးသတ်ရမည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

## အစိုးရရုံးပိတ်ရက်များနှင့် တရုတ်နှစ်သစ်ကူးနေ့ ရုံးပိတ်ရက်ကြား ဖေဖော်ဝါရီ ၁၆ ရက်ကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက် (စနေ၊ တနင်္ဂနွေနေ့)သည် အစိုးရရုံးပိတ်ရက်များဖြစ်ပြီး အများပြည်သူအလုပ်ပိတ်ရက်ဖြစ်သည့် ၁၇ ရက် (တရုတ်နှစ်သစ်ကူးနေ့) ကြားရှိ ဖေဖော်ဝါရီ ၁၆ ရက်ကို တစ်ဆက်တစ်စပ်တည်းရုံးပိတ်ရက်အဖြစ် သတ်မှတ်၍ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် (စနေနေ့) ကို အစားထိုးရုံးတက်ရက်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

### ယနေ့ ဖတ်စရာ

**ဥတ္တရသီရိမြို့နယ်၌ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်သတ်ဖြတ်ကာ ဆိုင်ကယ်နှင့် ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်ခဲ့မှုမှ ပြစ်မှုကျူးလွန်သူများနှင့် သက်သေခံပစ္စည်းများဖော်ထုတ်ဖမ်းဆီးရာတွင် ပါဝင်ကျူးလွန်သူများအား ဥတ္တရခရိုင်တရားရုံးမှ ပြစ်မှုထင်ရှားသဖြင့် ထိရောက်ပြစ်ဒဏ်အမိန့်များချမှတ်**

စာမျက်နှာ » ၁၈